
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မအိုစာ

# နှစ်တစ်ရာဂူသင်္ချိုင်း


စာမူခွင့်ပြုချက်အမှတ် – ၅၀၁၄၅၈၁၂၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၄၀၇၁၂၁၁
ပထမအကြိမ်
၂၀၁၂ ခုနှစ်၊ မတ်လ
ထုတ်ဝေသူ – ဦးမောင်မောင်မြင့်အေး(လာဘ်မိုးရွာစာပေ)
အမှတ် (၂၀၅–က)၊ ပိတောက် ၅–လမ်း၊
မြို့သစ် (၈)ရပ်ကွက်၊ ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျော်ရင် (မြ–၀၅၄၁၇)
ရွှေခြင်္သေ့ပုံနှိပ်တိုက်
အမှတ် (၂၀၈)၊ (၃၁) လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ – Ma O' Sar
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀၀ ကျပ်
ဖြန့်ချိရေး – ရွှေမင်းသမီးစာပေ၊
ဖုန်း– ၀၉–၄၃၀၃၃၁၅၂၊ ၀၁–၄၀၀၆၇၄


BURMESE CLASSIC


၈၉၅–၈၃
မအိုစာ
နှစ်တစ်ရာဂူသင်္ချိုင်း / မအိုစာ – ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၂
၁၉၉ စာ၊ ၁၃. ၂၁ × ၂၀. ၈၃ စင်တီ၊
(၁) နှစ်တစ်ရာဂူသင်္ချိုင်း


## မအိုစာ ၏ ထွက်ရှိပြီးစာအုပ်များ

၁။ ခေါ်တာပစ်တဲ့ည
၂။ မလှစုန်းယိုး
၃။ အရှင်လတ်လတ်
၄။ ကနားစီးဒေဝါ
၅။ ခေါင်းတလားရာဇာ
၆။ နတ်ကဝေမယ်
၇။ ပျဉ်ထောင်ကတော်နတ်
၈။ ပုဏ္ဏားမှုစံအိမ်
၉။ ခုတင်နံပါတ် ၃၁
၁၀။ ဘုံစာကျွေးတဲ့နေ့
၁၁။ နတ်ကျွားဝိညာဉ်
၁၂။ မာတာင်
၁၃။ ဘီလူးနကွတ်
၁၄။ မိုးကြိုးအလောင်း
၁၅။ နစ်ဘဝရွှေသိုက်
၁၆။ မိုးနတ်ဒေဝီ
၁၇။ ကျိန်
၁၈။ မရဏစာချွက်
၁၉။ မိစ္ဆာအိုး
၂၀။ လေးကျွန်းမော်
၂၁။ ရဲမက်တစ္ဆေ
၂၂။ ရွှေတောင်ရွာသူ မချမ်းသာ
၂၃။ ပစ္စာမြားဝိညာဉ်
၂၄။ မိမိလေး

ယခု…နှစ်တစ်ရာဂူသင်္ချိုင်း

www.burmeseclassic.com

www.burmeseclassic.com

မအိုစာ
စာတိုက်သေတ္တာအမှတ် (၁၉၇)
ရန်ကုန်မြို့

အကြံပြုစာ ရေးသားပေးပို့သူ ပရိသတ်အားလုံးကို
လက်မှတ်ထိုးထားသော စာအုပ်လက်ဆောင်များ
ပြန်လည်ပေးပို့လျက်ရှိပါတယ်။

BURMESE CLASSIC

# နှစ်တစ်ရာဂူသချိုင်း

## မအိုစာ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

(၁၉၉၀ . . . ခုနှစ် ဝန်းကျင်တာလ)

နံနက်သုံးနာရီခန့်အချိန်

အမှောင်ထုကြီးစိုးနေတဲ့ တောင်ဆင်းလမ်းတစ်နေရာမှာ ခရီးသည်တင်ကားတစ်စီးဟာ တအိအိ ဆင်းနေတယ်။

ကားပေါ်ရှိ ခရီးသည်အားလုံး အေးစိမ့်နေတဲ့ ရာသီဥတု ဒဏ်နဲ့အတူ နှစ်ခြိုက်စွာ အိပ်မောကျနေကြတယ်။

ဒရိုင်ဘာဟာ ကားကို ကွမ်းတမြုံ့မြုံ့ဝါးရင်း မောင်းနှင်



နေသလို ...

စပယ်ယာကောင်လေးက တံခါးဝမှာထိုင်ပြီး ငိုက်မျဉ်း နေတယ်။

ကားပေါ်ရှိ လူအားလုံး အိပ်ပျော်နေကြပေမယ့် ဒရိုင်ဘာ ရဲ့နောက်ခုံမှာ ထိုင်နေတဲ့ ယောဂီဝတ်အဘွားအိုတစ်ဦးဟာ စိပ် ပုတီးကို တချောက်ချောက် စိပ်နေတယ်။

မျက်လုံးစုံမှိတ်ရင်း ဘုရားအာရုံပြုနေတဲ့ ယောဂီကြီးရဲ့ မျက်နှာဟာ ပကတိအေးချမ်းတည်ငြိမ်လျက်ရှိသလို ...

ယောဂီကြီးရဲ့ဘေးမှာ ထိုင်နေတဲ့ အမျိုးသမီးငယ်က တော့ ဟောက်သံပေး အိပ်ပျော်နေရှာတယ်။

တောင်ဆင်းလမ်းအကွေ့တစ်ခုကို ရောက်တော့ ယောဂီ ကြီးရဲ့မျက်လုံးတွေက ဖျတ်ခနဲ ပွင့်လာတယ်။

ယောဂီကြီးရဲ့ အေးချမ်းတဲ့မျက်နှာမှာ မျက်မှောင် အနည်းငယ် ကြုတ်သွားသလို ခေါင်းကို လေးတွဲ့စွာ ခါယမ်း လိုက်တယ်။

သူမဟာ နံဘေးမှာအိပ်ပျော်နေတဲ့ မိန်းကလေးကို လှုပ်

www.burmeseclassic.com

www.burmeseclassic.com



နှိုးလိုက်ရင်း ...

"မိန်းကလေး ... မိန်းကလေး ... ထပါဦး ကွယ်"

အိပ်ကောင်းနေတုန်း အနှိုးခံရတဲ့အတွက် မိန်းမပျိုဟာ မကျေမနပ်ဖြစ်သွားပြီး ...

"အင် ... ဘာလဲ ... ဘာလဲ"

"အမေ့ကို နေရာလဲပေးပါလား သမီး"

ယောဂီကြီးရဲ့အပြောကြောင့် မိန်းမပျိုဟာ စိတ်မကြည်ဟန်နဲ့ ခေါင်းကို ကုတ်ဖွလိုက်ရင်း ... ဆောင့်ကြီးအောင့်ကြီး အမူအရာနဲ့ နေရာလဲပေးလိုက်တယ်။

ပြီးတော့ ယောဂီကြီးကို ကျောခိုင်းပြီး ပြန်အိပ်နေလိုက်တယ်။

ယောဂီကြီးဟာ ပြတင်းပေါက်ဘက်အခြမ်းကို နေရာလဲထိုင်ပြီးတဲ့အခါ ...

"စပယ်ယာလေး ... စပယ်ယာလေး"

လို့ ငိုက်မျဉ်းနေတဲ့ ကားစပယ်ယာကို လှမ်းခေါ်လိုက်



တယ်။

ခေါ်သံကြောင့် ကောင်လေးဟာ အိပ်မှုန်စုံမွှားနဲ့ ...

"ဘယ်သူခေါ်တာလဲဗျ"

လို့ ထူးလာတယ်။

ယောဂီကြီးက ထိုင်ရာက လက်လှမ်းပြပြီး ...

"လူကလေးရယ် ... အမေ့ရဲ့အိတ်လေး တစ်ဆိတ်လောက် ယူပေးပါလားကွယ်"

လို့ ပြောလိုက်တဲ့အခါ ကောင်လေးဟာ မျက်နှာရှုံ့မဲ့သွားပြီး ...

"ပြောဗျာ ... ပြော ... အိတ်က ဘယ်မှာလဲ"

လို့ စိတ်မရှည်သံနဲ့ ပြန်မေးတယ်။

"ဟိုး နောက်ဆုံး အိပ်စင်ပေါ်မှာ တင်ထားတဲ့ အညိုရောင်အိတ်လေးပါကွယ်"

ကောင်လေးဟာ လေးတိလေးကန်ခြေလှမ်းနဲ့ ကားအနောက်ဘက်ကို ထ,သွားတယ်။

ဒရိုင်ဘာဟာ တောင်ဆင်းလမ်းရဲ့ "အကွေ့ရာယ်ကွေ့"

www.burmeseclassic.com

www.burmeseclassic.com



လို့ ရေးထားတဲ့နေရာရောက်တော့ ကားကို ဘရိတ်နှေးရင်း အရှိန်လျှော့လိုက်တယ်။

ဒါပေမဲ့ ကားဘရိတ်ဟာ ဘယ်လိုမှမမိတဲ့အတွက် ဒရိုင်ဘာဟာ ခေါင်းနားပန်းကြီးသွားပြီး ထပ်ကာ ထပ်ကာ ဘရိတ်ကို ဖိနင်းလိုက်တယ်။

ဒီအချိန်မှာပဲ တောင်ပေါ်တက်လာတဲ့ ကားတစ်စီးနဲ့ မျက်နှာချင်းဆိုင်မိသွားတယ်။

ဒရိုင်ဘာဟာ "ဟာ" …ခနဲ ရေရွတ်သံနဲ့အတူ စီယာတိုင်ကို အားကုန်ဆွဲလှည့်လိုက်တယ်။

ကားတစ်စီးလုံး ဘေးတစ်ခြမ်းစောင်းသွားပြီး ကားပေါ်က လူတွေ လန့်နိုးကုန်တယ်။

ကားဟာ အရှိန်မထိန်းနိုင်တဲ့အတွက် ချောက်ကမ်းပါးဘက်ကို "ဝုန်း" …ခနဲ တိမ်းမှောက်သွားတယ်။

အရှိန်ပြင်းထန်လွန်းတဲ့အတွက် ကားပေါ်ရှိ လူအားလုံး ဝရုန်းသုန်းကား ဖြစ်သွားရသလို …

ပြတင်းပေါက်ဘက်မှာ ထိုင်နေတဲ့ ယောဂီကြီးဟာ



ပြတင်းကတစ်ဆင့် အရှိန်နဲ့ လွင့်စဉ်ကျသွားရှာတယ်။

ကားတစ်စီးလုံး ကမ္ဘာပျက်သည့်အလား အော်ဟစ်သံတွေ ပွက်လောရိုက်သွားတယ်။

ကားကြီးက ကံကောင်းထောက်မစွာပဲ ချောက်ကမ်းပါးစပ်မှာ တုံးလုံးလဲလျက် …

ခရီးသည်တွေရဲ့ အထိတ်တလန့်အော်ဟစ်သံနဲ့အတူ ကားထဲက ထွက်ဖို့ အလုအယက် ကြိုးစားကုန်ကြတယ်။

ဒရိုင်ဘာရဲ့အစီအမံကောင်းမှုကြောင့် ခရီးသည်အားလုံး အပြင်ကို ရောက်သွားကြတယ်။

လူအားလုံး ကားအပြင်ရောက်တဲ့အခါ စပယ်ယာကောင်လေးဟာ လူစစ်ရင်း …

"ဟာ … ကျုပ်ကို အိတ်ယူခိုင်းတဲ့ ယောဂီကြီး ဘယ်မှာလဲ၊ မရှိတော့ဘူး"

လို့ အထိတ်တလန့် ရေရွတ်လိုက်တယ်။

ခရီးသည်တွေဟာ လှုပ်လှုပ်ရွရွ ဖြစ်သွားပြီး …

"ဟာ … ဟုတ်တယ်ဟေ့၊ ယောဂီအဘွား

www.burmeseclassic.com

www.burmeseclassic.com


ကြီး မရှိတော့ဘူး၊ ရှာကြပါဦး ... ရှာကြပါဦး"

ဆိုတဲ့ အသံတွေ ညံ့စီသွားတယ်။

❐ ❐ ❐

"ယောဂီကြီး သေပြီလား?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

"ဟာ... ချောက်ထဲမှာ ယောဂီကြီး ပြုတ်ကျနေပြီ"

လူတစ်ယောက်ရဲ့အသံကြောင့် ခရီးသည်အားလုံး ချောက်စပ်ကို ပြေးကြည့်ကြတယ်။

ဘယ်လိုမှ မြင်ရက်စရာမရှိတဲ့ မြင်ကွင်း။

www.burmeseclassic.com

www.burmeseclassic.com



သွေးအိုင်ထဲ ခွေခွေလေးလဲကျနေတဲ့ ယောဂီအဘွားအို။

“အမယ်လေး ... လုပ်ကြပါဦး၊ ယောဂီကြီး အသက်မှ ရှိသေးရဲ့လား မသိဘူး၊ သူ ... သူ ... ကျွန်မ,အသက်ကို ကယ်ခဲ့တာ၊ ကားမမှောက်ခင်လေးတင် သူ ကျွန်မနဲ့ နေရာလဲထိုင်ခဲ့တာ၊ တ ... တကယ်ဆို သူ့နေရာမှာ ကျွန်မဖြစ်ရမှာရှင့်၊ ရှင်တို့ ဘာကြည့်နေကြတာလဲ၊ ယောဂီကြီးကို အမြန်ဆင်းကယ်ကြလေ၊ ဘုရား ... ဘုရား ... ယောဂီကြီး မသေပါစေနဲ့”

မိန်းမပျိုရဲ့ သွေးရူးသွေးတန်း အော်ဟစ်သံကြောင့် စပယ်ယာကောင်လေးက ...

“ခင်ဗျားတင်မဟုတ်ဘူး၊ ယောဂီကြီးက ကျုပ်ရဲ့အသက်ကိုလည်း ကယ်တင်ခဲ့တာဗျ၊ သူသာ ကျုပ်ကို အိတ်မယူခိုင်းခဲ့ရင် ကျုပ်တံခါးပေါက်က လွင့်ကျပြီး သေလောက်ပြီဗျ၊ ယောဂီကြီးဟာ လူနှစ်ယောက်ရဲ့အသက်ကို သူ့အသက်နဲ့ရင်းပြီး ကယ်တင်ခဲ့တာဗျ”

ဒရိုင်ဘာဟာ ချောက်စပ်ကနေ ငုံ့ကြည့်ရင်း ...

“ဒီအောက်ကို ကျုပ်တို့ ဆင်းလို့ ဘယ်လိုမှ မရနိုင်ဘူး၊ သက်ဆိုင်ရာကို အကူအညီတောင်းမှပဲ ဖြစ်လိမ့်မယ်၊ ယောဂီအဘွားအိုဟာ ... တကယ့်ကို သူတော်စင်ကြီးပါ၊ သူ တစ်လမ်းလုံး ဘုရားစာရွတ်ရင်း စိပ်ပုတီးကြီးကိုပဲ စိပ်နေတာ၊ ကျုပ် သတိထားမိတယ်၊ သူတော်ကောင်းတစ်ယောက် ဒီလိုအဖြစ်မျိုး ကြုံရတာ တကယ့်ကို ရင်နာစရာပဲဗျာ”

စိတ်မကောင်းခြင်းကြီးစွာနဲ့ ရေရွတ်လိုက်တယ်။

ဒီနောက်မှာတော့ စပယ်ယာကောင်လေးဟာ ကားကြုံနဲ့လိုက်သွားပြီး အကြောင်းကြားခဲ့တယ်။

ယာဉ်တိမ်းမှောက်ရာကို ဆေးရုံကားနဲ့အတူ ကြက်ခြေနီအဖွဲ့ပါ ရောက်ရှိလာတယ်။

သူတို့ ချောက်ထဲရှိ ယောဂီကြီးကို ခဲရာခဲဆစ် ဆင်းပြီး

www.burmeseclassic.com

www.burmeseclassic.com

ကယ်ဆယ်ခဲ့ကြတယ်။

လူနာတင်ကားပေါ်ရောက်တဲ့အခါ ခရီးသည်တွေဟာ စိုးရိမ်တကြီး ပြေးကြည့်ကြတယ်။

ကြက်ခြေနီတပ်သားတွေဟာ ယောဂီကြီးကို စမ်းသပ်စစ်ဆေးရင်း စိတ်မသက်မသာနဲ့ ခေါင်းခါယမ်းလိုက်တယ်။

"စိတ်မကောင်းစရာပဲဗျာ ... ယောဂီကြီးဟာ အသက်မရှိတော့ပါဘူး"

❒❒❒

"ယောဂီကြီးနဲ့ ဝတ်သတ်ပြီး . . . ဘာဆက်ဖြစ်မလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

တိုတ်နယ်ဆေးရုံလေးရဲ့ ရေခဲတိုက်နေရာ . . .

ရေခဲတိုက် ဝန်ထမ်းတစ်ဦးဟာ အလောင်းတင် လှည်းကို တဂျုံးဂျုံးတွန်းရင်း ရေခဲတိုက်ထဲ ဝင်လာတယ်။

သူဟာ လှည်းကို အခန်းထောင့်တစ်နေရာဆီ တွန်းသွားပြီး ရပ်လိုက်တယ်။

အလောင်းပေါ် လွှမ်းထားတဲ့ ပိတ်ဖြူစကို လှပ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ရင်း ...

"အင်း ... တကယ့်ကို စိတ်မကောင်းစရာပဲ၊ ဒီအမေအိုကြီးဟာ လူနှစ်ယောက်ရဲ့အသက်ကို သူ့အသက်နဲ့လဲပြီး ကယ်ခဲ့တာတဲ့၊ သူတော်စင်ပုဂ္ဂိုလ်ထူးကိုမှ သေမင်းက ဘာကြောင့် ရွေးခေါ်ရလဲမသိဘူး၊ အမေအိုကြီးရဲ့မျက်နှာကို ကြည့်ရတာ အိပ်စက်နေသလို၊ တကယ့်ကို မေတ္တာတရား အပြည့်ရှိတဲ့ ဥပမိရုပ်ပါလား၊ စိတ်ထဲမှာ တကယ်မကောင်းဘူး"

လို့ ရေရွတ်ပြီး မျက်နှာညှိုးငယ်သွားတယ်။

ဒီအချိန်မှာပဲ ဝန်ထမ်းတစ်ဦး ရောက်ရှိလာပြီး ...

"ဗျို့ ကိုဖိုးသာ ... ခင်ဗျားကို စစ္စတာကြီး ခေါ်နေတယ်၊ အမြန်လာခဲ့ပါတဲ့ဗျ"

လို့ ပြောလာတယ်။

ကိုဖိုးသာဟာ ပိတ်ဖြူစကို ပြန်အုပ်ရင်း ...

"အေး ... အေး ... ငါ အခုပဲ သွားလိုက်မယ်၊



ဒီအလောင်းကို မင်း ဆက်လုပ်ထားလိုက်"

လို့ ပြောဆိုပြီး ရေခဲတိုက်ထဲက ထွက်သွားတယ်။

ကိုဖိုးသာ ထွက်သွားတဲ့အခါ ထိုဝန်ထမ်းဟာ လေကလေး တချွန်ချွန်နဲ့ အိတ်ကပ်ထဲက မှန်ကို ထုတ်ပြီးကြည့်လိုက်တယ်။

ဆံပင်တွေကို သေသပ်အောင်ပြုလုပ်ပြီး ဘောင်းဘီအိတ်ထဲ မှန်ကို ပြန်ထည့်လိုက်တယ်။

အလောင်းတင်လှည်းရှိရာ လျှောက်သွားပြီး ပိတ်ဖြူစကို ဆွဲလှန်လိုက်တယ်။

မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် ထိုလူဟာ မျက်လုံးပြူးလျက် ...

"ဟာ"... ခနဲ ရေရွတ်လိုက်သလို နောက်ကို ဆုတ်လိုက်မိတယ်။

အဘွားအိုရဲ့ လက်အစုံဟာ တဆတ်ဆတ်လှုပ်ရှားလာသလို ...

ညည်းညူသံတွေ ထွက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com

သူ့ အထိတ်တလန့် ဖြစ်နေစဉ်မှာပဲ အဘွားအိုရဲ့ မျက်လုံးတွေက "ဖျတ်" ...ခနဲ ပွင့်လာတယ်။

ရေခဲတိုက်ဝန်ထမ်းဟာ အကြီးအကျယ် ထိတ်လန့်သွားပြီး ...

"အား" ...ခနဲ ငယ်သံပါမတတ် အော်ဟစ်ကာ ရေခဲတိုက်ထဲမှ ပြေးထွက်သွားတော့တယ်။

□ □ □

"တစ္ဆေခြောက်ခံရတာလား?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

ရေခဲတိုက်ဝန်ထမ်းရဲ့ သတင်းပေးမှုကြောင့် ဆရာဝန်နဲ့ သူနာပြုတွေဟာ အပြေးအလွှား ရောက်ရှိလာကြတယ်။

ဆရာဝန်တွေက ယောဂီအဘွားအိုကို စမ်းသပ်စစ်ဆေး ပြီးတဲ့အခါ ...

"သိပ်ထူးဆန်းတဲ့ ဖြစ်ရပ်ပါလား၊ သူ့ရဲ့

www.burmeseclassic.com

www.burmeseclassic.com

နှလုံးခုန်နှုန်းရော, သွေးခုန်နှုန်းတွေပါ ပုံမှန်အတိုင်း ပြန်ဖြစ်နေတယ်၊ အဘွားကို အရေးပေါ်ဘက် အမြန်ရွှေ့ကြ”

လို့ ပြောလိုက်တယ်။

ယောဂီအဘွားအိုရဲ့ ထူးဆန်းအံ့ဖွယ်ဖြစ်ရပ်က ဆေးရုံတစ်ခုလုံး ပျံ့နှံ့သွားတယ်။

တစ်ဆင့်စကား တစ်ဆင့်နားနဲ့ အပြင်က လူတွေပါ ဆေးရုံကို ရောက်လာပြီး ကြည့်ရှုကုန်ကြတယ်။

ယောဂီကြီးကို လာရောက်ကြည့်ရှုသူ များလာတဲ့အတွက် ဆေးရုံအုပ်ကြီးက သီးသန့်ဆောင်ဘက် ရွှေ့ပြောင်းထားဖို့ အမိန့်ပေးခဲ့သလို ...

အဘွားအို စိတ်အေးလက်အေး အနားယူနိုင်ဖို့ အစောင့်အကြပ်တွေပါ ချထားပေးခဲ့တယ်။

ဦးခေါင်းနဲ့ လက်တို့မှာ ရရှိတဲ့ ထိခိုက်ဒဏ်ရာတွေ သက်သာတဲ့အခါ အဘွားအိုက ဆေးရုံကဆင်းဖို့ တောင်းဆိုခဲ့တယ်။



ဒါကြောင့် ...

ဆေးရုံအုပ်ကြီးကိုယ်တိုင် သူမကို လာတွေ့ပြီး ဆေးရုံမှာပဲ အနားယူဖို့ ပြောသလို ...

ဦးခေါင်းထိခိုက်ခဲ့တဲ့အတွက် အသေးစိတ်စစ်ဆေးမှုတွေ လုပ်ဖို့ လိုအပ်ကြောင်း ပြောဆိုခဲ့တယ်။

ဒီအခါမှာ ယောဂီအဘွားအိုက ...

“သားတို့ရဲ့ စေတနာကို အမေ နားလည်ပါတယ်ကွယ်၊ ဒါပေမဲ့ ... အမေ့မှာ ခုနစ်ရက်သားသမီးတွေကို ကယ်တင်ရမယ့် လုပ်ငန်းစဉ်တွေ ရှိနေသေးပါတယ် ...၊

ကံကြမ္မာက အမေ့ကို မျက်နှာသာပေးနေတဲ့ အချိန်တိုလေးအတွင်းမှာ အလုပ်တွေအများကြီး လုပ်သွားချင်တယ် ...၊

ဒါကြောင့် ... ဒီနေ့ပဲ ဆေးရုံက ဆင်းခွင့်ပြုပါကွယ်”

လို့ ပြောလိုက်တဲ့အခါ ဆေးရုံအုပ်ကြီးဟာ စိတ်မသက်

www.burmeseclassic.com

www.burmeseclassic.com



မသာနဲ့ ခေါင်းခါယမ်းလိုက်တယ်။

ပြီးတဲ့အခါ ...

ယောဂီအဘွားအိုဟာ ဝန်ထမ်းအားလုံးကို နှုတ်ဆက်ပြီး ဆေးရုံက ထွက်ခွာသွားတော့တယ်။

တိုက်နယ်ဆေးရုံလေးရဲ့ အပြင်ဘက်ကို ရောက်တဲ့အခါ ယောဂီအဘွားအိုဟာ လမ်းဖြတ်ကူးဖို့ ပြင်လိုက်တယ်။

အဘွားအိုနဲ့အတူ ကလေးငယ်တစ်ဦးပါ လမ်းကူးဖို့ပြင်လိုက်တယ်။

လမ်းဖြတ်ကူးတဲ့အခါ ကလေးငယ်က ရှေ့ကဖြစ်သလို အဘွားအိုက နောက်က ကူးဖြတ်လိုက်တယ်။

ကားလမ်းရဲ့အလယ်ကိုရောက်တော့ ကလေးငယ်က အရှိန်နဲ့ ဖြတ်မောင်းသွားတဲ့ ကားတွေကြားကို ဖြတ်ကူးဖို့ ပြင်လိုက်တယ်။

ကလေးငယ်ဟာ ကားရှင်းချိန်ကို မစောင့်ဘဲ ကားလမ်းကို ပြေးဖြတ်ဖို့ ကြိုးစားလိုက်တယ်။

ယောဂီအဘွားအိုဟာ ကလေးငယ်အတွက် ရင်ထိတ်သွားပြီး သူ့နောက် ခပ်သုတ်သုတ် လိုက်ခဲ့တယ်။

ဒီအချိန်မှာပဲ အရှိန်ပြင်းစွာ မောင်းနှင်လာတဲ့ ကားတစ်စီးဟာ ကလေးငယ်ရှိရာ ဦးတည်လာတယ်။

ယောဂီအဘွားအိုဟာ ကလေးငယ်ကို ဆောင့်တွန်းလိုက်တဲ့အခါမှာတော့ ...

"ဒုန်း" ...ခနဲ အသံကြီးနဲ့အတူ လမ်းပေါ်ရှိ လူအားလုံး "အား" ...ခနဲ ဖြစ်သွားကြတယ်။

"ကားတိုက်ပြီဟေ့ ... ကားတိုက်သွားပြီ"

ဆိုတဲ့အသံတွေ ညံညံစီသွားသလို ...

အခင်းဖြစ်ရာနေရာကို လူတွေ အပြေးအလွှား ရောက်ရှိလာကြတယ်။

ကားသမားဟာ ထိတ်လန့်တကြီးအမူအရာနဲ့ ကားပေါ်က ဆင်းကြည့်တဲ့အခါမှာတော့ ...

သွေးအိုင်ထဲလဲနေတဲ့ အဘွားအိုကို တုန်လှုပ်ချောက်ချားဖွယ် တွေ့လိုက်ရတယ်။

အဘွားအိုရဲ့ ကိုယ်တစ်ပိုင်းက ကားအောက်ရောက်နေ

www.burmeseclassic.com

www.burmeseclassic.com

ပြီး ညာဘက်လက်က ဘီးအောက်ဝင်ပြီး ညက်ညက်ကြေနေတဲ့ သွေးပျက်ဖွယ်မြင်ကွင်းကို လူအားလုံး မြင်လိုက်ရတယ်။

❐ ❐ ❐

“ဘာဆတ်ဖြစ်မလဲ ?”

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)

(၁၉၉၅ ခုနှစ် . . .)

ကိုတိုးမောင် တစ်ယောက် သားဖွားခန်းရဲ့အပြင်မှာ
ာ်လှုပ်ရှားစွာ လှမ်းလျှောက်နေမိတယ်။

တတ်သလောက် မှတ်သလောက် ဘုရားစာတွေ ရွတ်
တ်ရင်း မိန်းမဖြစ်သူ မျက်နှာမြင်တဲ့အရေး အောင်မြင်စေဖို့
င်တထိတ်ထိတ်နဲ့ စောင့်ဆိုင်းနေမိချိန် ...

www.burmeseclassic.com

www.burmeseclassic.com



နားထဲ သဲ့သဲ့မျှတိုးဝင်လာတဲ့ ကလေးငိုသံကြောင့် သူ ရင်တွေ ဒိန်းခနဲ ခုန်သွားတယ်။

ဒီအချိန်မှာပဲ သူနာပြုဆရာမဟာ အခန်းတံခါးကို ဖွင့်ရင်း ...

"မွေးပြီရှင့် ... မွေးပြီ၊ ဒါပေမဲ့ ..."

လို့ ပြောလိုက်တဲ့အခါ ကိုတိုးမောင်ဟာ ရင်ထိတ်သွား ပြီး ...

"ဟုတ်လား ဆရာမ၊ ကျွန်တော့်မိန်းမ ... ဘာလေးမွေးလဲဗျ၊ ပြောစမ်းပါ ဆရာမရယ်၊ ဒါပေမဲ့ ... ရပ်မနေစမ်းပါနဲ့၊ ရင်တုန်လှပြီဗျ"

လို့ အလျင်စလို မေးလိုက်တယ်။

သူနာပြုဟာ စိတ်မသက်မသာဟန်နဲ့ ...

"ကဲ ... ရှင်ကိုယ်တိုင်ပဲ ဝင်ကြည့်လိုက်ပါ တော့ရှင်"

လို့ ပြောလိုက်တဲ့အခါ ကိုတိုးမောင်တစ်ယောက် အခန်း ထဲကို ဒရောသောပါး ပြေးဝင်သွားတယ်။



သူဟာ မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် ကမ္ဘာပျက်မ တတ် တုန်လှုပ်သွားတယ်။

လူနာခုတင်နား တရွေ့ရွေ့ချဉ်းကပ်သွားပြီး ပိတ်ဖြူစ ကို ဆွဲလှန်လိုက်တဲ့အခါ ...

"မြမေ ... ဖြစ်ရလေ မြမေရယ်၊ လူမမယ် ကလေးနဲ့ ကိုတိုးမောင်ကို နှစ်ယောက်တည်း ပစ်သွားရက်ပြီလား မြမေရဲ့၊ ကိုတိုးမောင် ဘယ်လိုဖြေရမှာလဲ မြမေရယ် ... အီး ဟီး ဟီး"

တိုးမောင်ရဲ့ အသံကုန်အော်ဟစ်လိုက်တဲ့ ငိုသံကြောင့် သူနာပြုတွေက ...

"ရှူး ... တိုးတိုးငိုစမ်းပါရှင့်၊ တစ်ဖက်ခန်း တွေမှာ မွေးလူနာတွေ ရှိနေတယ်၊ ရှင့်အသံ ကြောင့် အားလုံး သွေးလန့်ကုန်ရင် ခက်ချည် ရဲ့၊ ဒီလိုပြောရတာ ရှင့်ကို မစာနာလို့ မဟုတ် ဘူးနော်၊ ကျွန်မတို့က တာဝန်အရ အမှုအား

www.burmeseclassic.com


တွက် ပြောရတာပါရှင်"

သူနာပြုတစ်ယောက်ရဲ့စကားကြောင့် တိုးမောင်ဟာ ရှိုက်ကြီးတငင် ငိုကြွေးနေရာက ... သူမကို မျက်လုံးလှန်ကြည့်ရင်း ...

"ဟုတ် ... ဟုတ်ကဲ့ပါ ဆရာမရယ်၊ ဆရာမက ရုပ်လေးက လှသလို ... စိတ်လေးကလည်း သိပ်လှတာပဲနော်၊ ကျွန်တော် တိုးတိုးငိုမယ်နော် ဆရာမ၊ ကျွန်တော့်ကြောင့် သူများ ဒုက္ခ မဖြစ်စေရပါဘူး"

လို့ ပြောပြီး ကျိတ်ငိုနေလိုက်တယ်။

သူနာပြုဆရာမက သူ့ကို မျက်စောင်းခဲပြီး ကလေးပုခက်ဆီ ထွက်သွားတယ်။

တအီးအီးငိုနေတဲ့ ကလေးအသံကြောင့် တိုးမောင်ဟာ ကလေးကို သတိရသွားတယ်။

ဒါကြောင့် ပုခက်စင်ရှိရာ လျှောက်သွားပြီး ပုခက်ပေါ် အုပ်မိုးထားတဲ့ အနီးစကို ဖယ်ဖို့ ပြင်လိုက်တဲ့အခါ ...

"ရှင် ... ရှင် ... ဘာလုပ်မလို့လဲ"

သူနာပြုရဲ့ မျက်နှာမသာမယာနဲ့ အမေးကြောင့် တိုးမောင်က ...

"ဒီကလေးဟာ ... မြမေ ကျွန်တော့်ကို နောက်ဆုံးပေးခဲ့တဲ့ လက်ဆောင်ပဲလေဗျာ၊ ကျွန်တော့်ကလေးကို ကျွန်တော် ကြည့်မလို့ ပေါ့ဗျာ"

လို့ တုန်ယင်တဲ့ အသံနဲ့ ပြောလိုက်တယ်။

သူနာပြုဆရာမက သူ့ကို မျက်လုံးပြူးကြီးနဲ့ စိုးရိမ်တကြီးဟန်နဲ့ ကြည့်ရင်း ...

"ရှင် ... ရှင် ... တကယ်ကြည့်မှာလား"

တိုးမောင်တစ်ယောက် သူနာပြုရဲ့အပြောကြောင့် ဒေါသထွက်သွားပြီး ...

"ဘာလို့လဲဗျ ... ဒါ ကျွန်တော့်ကလေးပဲ၊ ဖအေက ကလေးကိုကြည့်တာ ဘာဖြစ်လဲဗျ"

လို့ပြောဆိုရင်း ရှေ့မှာကာဆီးထားတဲ့ သူနာပြုရဲ့ လက်

www.burmeseclassic.com

www.burmeseclassic.com

ကို ဆွဲဖယ်လိုက်တယ်။

ပုခက်ပေါ် အုပ်မိုးထားတဲ့ အနီးစကို ဆွဲလှန်ပြီး ကြည့်လိုက်တယ်။

ကလေးငယ်ဟာ ထွန့်ထွန့်လူးမတတ် ငိုယိုနေသလို ထုပ်ပိုးထားတဲ့ အနီးဟာလည်း ပြေနေတယ်။

တိုးမောင်က ကလေးငယ်ကို ပွေ့ချီဖို့ ပြင်လိုက်စဉ်မှာတော့ ...

"ဟာ" ...ခနဲ ရေရွတ်သံနဲ့အတူ နောက်တစ်လှမ်း ဆုတ်လိုက်မိတယ်။

သူ့ခေါင်းတစ်ခုလုံး ချာချာလည်သွားပြီး ချောက်ကမ်းပါးပေါ်က တွန်းချခံရသည့်နှယ် သူ့တစ်ကိုယ်လုံး လေဟာနယ်ထဲ ရောက်သွားသလို ခံစားလိုက်ရတယ်။

□□□

"တိုးမောင် ဘာလို့ ဒီလိုဖြစ်သွားတာလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)

## (၇) နှစ်မျှ ကြာသောအခါ • • •

တောင်ကြီးမြို့တစ်မြို့ရှိ ခြံဝန်းကျယ်တစ်ခုထဲကို ကုန်တင်ကားတစ်စီးဟာ မောင်းဝင်သွားတယ်။

ကားသံကြားတဲ့အတွက် အိမ်ဝင်းထဲက ကလေးငယ် တစ်ဦး ပြေးထွက်လာပြီး ...

"ဟေး ... ဖေဖေ ပြန်လာပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ပြန်လာပြီ”

လို့ ဝမ်းသာအားရ အော်ဟစ်လိုက်တယ်။

ကားရှေ့ခန်းမှ ဖခင်နဲ့အတူ ဆင်းလာသော အမျိုးသမီးတစ်ဦးကို မြင်တဲ့အခါ ကလေးငယ်ရဲ့မျက်နှာက အပျော်တွေပျောက်ကွယ်သွားတယ်။

ဖခင်ဖြစ်သူက ထိုမိန်းမရဲ့ပခုံးကိုဖက်ပြီး ကလေးငယ်ရှိရာ လျှောက်လာတယ်။

အမျိုးသမီးဟာ ကလေးငယ်ကို မြင်တဲ့အခါ မျက်နှာရှုံ့မဲ့သွားပြီး ...

“ဟင် ... အစ်ကိုကြီးရဲ့သမီးက လက်ပြတ်ဒုက္ခိတကြီးပါလား ... ခင်က ဒုက္ခိတတွေကို မသတီတတ်ဘူး အစ်ကိုကြီး”

လို့ ရောက်ရောက်ချင်း အပ်နဲ့ထွင်းသလို ဆိုလိုက်တယ်။

ထိုအမျိုးသမီးရဲ့စကားကြောင့် ကလေးငယ်ရဲ့မျက်နှာညှိုးရော်သွားသလို ...



ဖခင်ဖြစ်သူ တိုးမောင်သည်လည်း မျက်နှာကွက်ခနဲ မျက်သွားတယ်။

ဒါပေမဲ့ ဟန်ဆောင်ပြုံးလိုက်ပြီး ...

“သမီး ... ဒါက သမီးရဲ့မေမေ ဒေါ်ခင်မေတဲ့၊ ခုချိန်ကစပြီး ... ဒီအိမ်မှာ ဖေဖေတို့သုံးယောက် အတူတူနေကြမယ်နော်၊ မေမေ့စကားကိုလည်း နားထောင်ရမယ် ... သိလား”

လို့ သမီးဖြစ်သူရဲ့ခေါင်းကို ပုတ်ရင်း ပြောလိုက်တယ်။

ဖခင်ရဲ့အပြောကြောင့် ကလေးငယ်က မျက်လုံးအပြူးသားနဲ့ ငေးကြောင်ကြည့်ရင်း ...

“မေမေ ... ဟုတ်လား၊ ဖေဖေပြောတော့ သမီးရဲ့မေမေက သမီးကိုမွေးရင်း ဆုံးသွားတာဆို၊ ဒီမေမေက ...”

လို့ လက်ညှိုးထိုး အမေးမဆုံးခင်ဘဲ ...

“ဒီလို သမီးရဲ့ ... ဖေဖေနဲ့ခင်မေက ဒီနေ့ပဲ ရုံးတက်လက်မှတ်ထိုးပြီးပြီ၊ ဒါကြောင့် ခင်မေ

www.burmeseclassic.com

www.burmeseclassic.com

ဟာ ခုချိန်ကစပြီး သမီးရဲ့မေမေ ဖြစ်သွားပြီ လေ ... သိလား သမီး”

ဖခင်ရဲ့စကားကြောင့် ကလေးမလေးဟာ မခင်မေကို အကဲခတ်သလို ကြည့်လိုက်တယ်။

မခင်မေက သူမကို စိမ်းစိမ်းကားကားကြီး ပြန်ကြည့်လိုက်တဲ့အတွက် မျက်ရည်ဝေ့ဝဲမတတ် သိမ်ငယ်သွားရတယ်။

ထို့နောက် ဖခင်ဖြစ်သူဟာ မခင်မေကို ပြုံးပြုံးကြီး ကြည့်ရင်း အိမ်ထဲ ဆွဲခေါ်သွားတယ်။

အိမ်ထဲရောက်တဲ့အခါ မခင်မေရဲ့ခါးကိုဖက်ရင်း ...

“သမီးက မွေးရာပါ ခန္ဓာကိုယ်ချို့ယွင်းနေရှာတာ ခင်ရဲ့၊ အစ်ကိုကြီး ခင့်ကို အနူးအညွတ်တောင်းဆိုချင်တာက အစ်ကိုကြီးကို ချစ်သလို ... သမီးလေးကို ချစ်ခင်တွယ်တာပေးပါ၊ ခမျာမီးတွင်းမှာထဲက မအေဆုံးခဲ့တော့ မိခင်မေတ္တာ ချို့တဲ့နေရှာတာ ခင်ရဲ့”

လို့ ပြောလိုက်တဲ့အခါ မခင်မေက ...



“အရင် အစ်ကိုကြီးပြောခဲ့တုန်းက ... သမီးတစ်ယောက် ရှိတယ်လို့ပဲ သိထားခဲ့တာ၊ ခင့်ရဲ့ ဗီဇကိုက ဒုက္ခိတတွေဆို ရွံမုန်းတတ်တဲ့စိတ်အခံရှိတာ အစ်ကိုကြီးရဲ့၊ အစ်ကိုကြီးရဲ့သမီးကို ကြည့်ရတာလည်း ခင့်ကို လိုလားပုံမရဘူး”

ကိုတိုးမောင်ဟာ သက်ပြင်းရှိုက်ရင်း ...

“အနေကြာလာတဲ့အခါ ခင်နဲ့ သမီးလေး ရင်းနှီးသွားမှာပါကွယ်၊ သမီးက သိပ်ကို လိမ္မာရေးခြားရှိတဲ့ ကလေးပါ၊ ပြီးတော့ ... ဘာသာတရားလည်း သိပ်ကိုင်းရှိုင်းတယ်၊ အစ်ကိုကြီးဆို ဘုရားတရားဆိုတာ ဘာမှန်းမသိဘူး၊ သူကတော့ ဘုရားမရှိခိုးဘဲ အိပ်တဲ့နေ့ဆိုတာ မရှိဘူး ခင်ရဲ့၊ ပြီးတော့ ... သမီးလေးက ဥပုသ်နေ့တိုင်း သီလဆောက်တည်တတ်တယ်၊ သူတော်ကောင်းလေးပါ ခင်ရဲ့”

လို့ ချီးမွမ်းခန်း ဖွင့်လိုက်တဲ့အခါ ခင်မေက ...

www.burmeseclassic.com

www.burmeseclassic.com

“ကဲပါ အစ်ကိုကြီးရယ် ... ကားအကြာကြီး စီးရတာ ခင်ပင်ပန်းနေပြီ၊ အနားယူကြရအောင် ... နော်”

ခင်မေရဲ့ နှုတ်ခမ်းစူပြောလိုက်တဲ့ အပြောကြောင့် ကိုတိုးမောင်ဟာ သူမနဖူးပေါ် အနမ်းချွေရင်း အိပ်ခန်းထဲ ဆွဲခေါ်သွားတော့တယ်။

❒ ❒ ❒

“သူတို့ ဘာဆတ်ဖြစ်တြမလဲ?”

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၇)

**ခင်မြေ** အိမ်ရောက်ပြီး သုံးရက်မြောက်နေ့မှာ ကိုတိုး [illegible]ခင်ဟာ တောင်ပေါ်ကို အရေးတကြီး ကုန်ပို့စရာရှိလို့ ထွက် [illegible]သွားတယ်။

အိမ်မှာ ခင်မေနဲ့ သိမ်မွေ့လေးသာ ကျန်ရစ်ခဲ့တယ်။

သိမ်မွေ့လေးဟာ ဖခင်စားသောက်ထားတဲ့ ပန်းကန်

www.burmeseclassic.com

www.burmeseclassic.com



အပေတွေကို ဆေးဖို့ လက်တစ်ဖက်တည်းနဲ့ မ,ယူလိုက်တယ်၊

ဒီအခါမှာ ပန်းကန်က ဆီတွေနဲ့ လက်ချော်ပြီး 'ခွမ်း' ခနဲ ကျကွဲသွားတဲ့အခါ ...

ခင်မေဟာ အပြေးတစ်ပိုင်း ရောက်လာပြီး ...

"အမယ်လေး အမယ်လေး ... ပန်းကန်တွေ ကွဲကုန်ပါပြီ၊ ဒီလောက် ဈေးကြီးတဲ့ ပန်းကန် တွေကို ကွဲအောင်လုပ်နေသလားဟဲ့၊ ဒုက္ခိတက ... ဒုက္ခိတနေရာ မနေဘူး၊ သိပ်လျှာရှည်တဲ့ ဟာမလေး၊ ကွဲဦးဟာ ... ကွဲဦးဟာ"

လို့ ခုနစ်သံချီ အော်ဟစ်ရင်း သိမ်မွေ့လေးရဲ့ခေါင်း 'ဒေါက်' ... ခနဲ ခေါက်ချလိုက်တယ်။

မိထွေးဖြစ်သူရဲ့အပြုအမူကြောင့် သိမ်မွေ့လေးဟာ ဝမ်း နည်းစိတ်တွေ လှိုက်တက်လာပြီး မျက်ရည်ပေါက်ပေါက်ကျ တယ်။

ဒီအခါမှာ ခင်မေက ငိုရမလားဆိုပြီး အနီးမှာရှိတဲ့ ကြ မြက်စည်းနဲ့ အားကုန်လွှဲရိုက်တော့တယ်။

"ကြောက်ပါပြီ မေမေရဲ့၊ နောက် ဒီလိုမဖြစ် စေရပါဘူး ... အီး ဟီး ဟီး'

သိမ်မွေ့လေးရဲ့အပြောကြောင့် ခင်မေတစ်ယောက် ဒေါ ဒေါ့ခုန်မတတ် ဒေါသထွက်သွားတယ်။

"ဘာ ... ငါ့ကို ဘယ်လိုခေါ်လိုက်တယ်၊ ဘာ ... မေမေလဲ၊ နင့်ကို လူကြားထဲ ပြမရတဲ့ ဒုက္ခိတကို သမီးမတော်နိုင်ဘူး၊ နောက် ဒါမျိုး ခေါ်ရင် နင့်ခေါင်းကို ကွဲအောင်ရိုက်ပစ်မယ်၊ သွားစမ်း ... ပန်းကန်တွေကို လွှင့်ပစ်"

သိမ်မွေ့လေးမှာ မိထွေးရဲ့မာန်မဲမှုကြောင့် အကြီးအ ကျယ် ကြောက်ရွံ့သွားတယ်။

ကြောက်စိတ်ကြောင့် အသားများ ဆတ်ဆတ်တုန်နေ သလို ကတုန်ကယင်သံနဲ့ ...

"ဒါဆို ... သိမ် ... သိမ်မွေ့က ဘယ်လို ခေါ်ရမှာလဲရှင့်"

လို့ မေးလိုက်တဲ့အခါ ခင်မေက မျက်နှာလိုမျက်နှာထား

www.burmeseclassic.com

www.burmeseclassic.com


နဲ့ ...

"အေး ... မြဲမြဲမှတ်ထား ... နင့်အဖေရှေ့မှာပဲဖြစ်ဖြစ်, နောက်ကွယ်မှာပဲဖြစ်ဖြစ် ငါ့ကို အန်တီလို့ပဲ ခေါ်ရမယ်၊ နင့်ခေါင်းထဲမှာ စွဲနေအောင်မှတ်ထားရမှာက ... ငါဟာ နင့်အမေ မဟုတ်ဘူး၊ နင့်ရဲ့ဝေယျာဝစ္စတွေကိုလည်း ငါ လုပ်မပေးနိုင်ဘူး၊ မနက်ဖြန်ကစပြီး ... မိုးလင်းတာနဲ့ ခြံထဲ အမှိုက်လှည်းရမယ်၊ အိမ်ထဲက ကြမ်းတွေကို အုန်းခွံနဲ့ ပြောင်အောင်တိုက်ရမယ်၊ ငါ နိုးလာရင်စားဖို့ ... ပေါင်မုန့်နဲ့ မာဂျရင်းဘူးကို အဆင်သင့် စားပွဲပေါ် ပြင်ထားရမယ် ... ကြားသလား"

❐❐❐

"ခင်မေ ဘယ်လောက်ထိ ယုတ်မာမှာလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၈)

ဒီအချိန်ကစပြီး ... လူမမယ်လေး သိမ်မွေ့ဟာ ခင်မေရဲ့ မတရားနိုင်းစေမှုဒဏ်တွေကို ခါးစည်းခံခဲ့ရတယ်။

တစ်နေ့ ခြံဝမှာ ဆွမ်းဆန်ကြွနေကျ သီလရှင်တွေ ရောက်လာတဲ့အတွက် သိမ်မွေ့လေးဟာ ဆန်သုံးလုံးဖို့ အိတ်နဲ့ထည့်ပြီး လောင်းဖို့ ပြင်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ … ဟဲ့ ဒါ ဘာလုပ်တာလဲ၊ နင့်လက်ထဲက ဆန်က ဘယ်လောက်ဈေးကြီးတယ် မှတ်သလဲ၊ ဆွမ်းဆန်လောင်းဖို့များ ဒီဆန်လောင်းစရာ မလိုဘူး၊ ဆန်ကြမ်းပဲ လောင်းစမ်း၊ သွားပြန်လဲလိုက်"

ခင်မေရဲ့ စူးနစ်သံချို အော်ဟစ်လိုက်တဲ့အသံကြောင့် ဆွမ်းဆန်ခံတဲ့ ဆရာလေးတွေဟာ မျက်နှာမသိမသာပျက်ပြီး သက်ပြင်းချလိုက်ကြတယ်။

သိမ်မွေ့လေးလည်း မိထွေးကို မလွန်ဆန်ဝံ့တာကြောင့် ဆန်ကြမ်းကို ပြန်လဲလိုက်ရတယ်။

ပြီးတော့ … ဆရာလေးကို လောင်းလှူပြီး သူမရဲ့ထုံးစံအတိုင်း ဦးချကန်တော့လိုက်တယ်။

သီလရှင်တွေဟာ ဒုက္ခိတမလေး သိမ်မွေ့ကိုကြည့်ရင်း မျက်ရည်ရစ်ဝဲမတတ် စိတ်မကောင်းဖြစ်သွားကြတယ်။

ဘာကြောင့်လဲဆိုတော့ သိမ်မွေ့လေးရဲ့ကိုယ်ပေါ်က အရိုက်နှက်ခံထားရတဲ့ ဒဏ်ချက်တွေကို မြင်လိုက်ရသလို …



လူမမယ်အရွယ်လေးရဲ့သဒ္ဓါတရားနဲ့ ခင်မေရဲ့စေတနာခွဲခြားမှုတွေကို သိမြင်လိုက်ရတဲ့အတွက်ပါပဲ။

အနီးပတ်ဝန်းကျင်က အိမ်တွေဟာ ခင်မေရဲ့ အော်ဟစ်သံတွေကို နေ့စဉ် ကြားနေရတယ်။

သိမ်မွေ့လေးရဲ့ငိုသံ၊ မတရား အလုပ်တွေလုပ်နေရပုံတွေကိုပါ တွေ့မြင်နေကြပေမယ့် ဘယ်သူမှ ဝင်မပြောဝံ့ကြဘူး။

အဝေးကသာ ကျိတ်ပြီး မချိဒေါသ ပွားနေကြတယ်။

နေ့လယ်ခင်းတစ်ခု သိမ်မွေ့လေး လက်တစ်ဖက်တည်းနဲ့ ကြမ်းတိုက်နေစဉ် ခင်မေ ရောက်လာပြီး …

"နင်ဟာလေ … ဒုက္ခိတလို့ မပြောရဘူး၊ အလုပ်,လုပ်ရင် သိပ်လေးတာပဲ၊ မြန်မြန်လုပ်စမ်း၊ ငါ ရေချိုးတော့မယ်၊ ပြီးရင် … ငါ့ထဘီသွားယူထား"

လို့ တင်ပါးကို ခြေနဲ့ကန်ရင်း ပြောလိုက်တယ်။

ဒီအဖြစ်ကို အလှူလာဖိတ်တဲ့ ဘေးအိမ်က ဒေါ်တင့်ဟိမက တွေ့သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခင်မေ့ကို ရွံ့ရှာစက်ဆုပ်စိတ်ကြောင့် အလှူမဖိတ်တော့ဘဲ လှည့်ပြန်ဖို့ ပြင်လိုက်တယ်။

ကြမ်းတိုက်ဝတ် ရေဆွတ်ဖို့ ထွက်လာတဲ့ သိမ်မွေ့လေးဟာ ဒေါ်တရုတ်မကို မြင်သွားပြီး ...

"ဟင် ... ဒေါ်ကြီး ... အိမ်ထဲဝင်ပါရှင့်၊

လာပါ ဒေါ်ကြီး ... ဝင်ပါ"

လို့ ယဉ်ကျေးစွာ ပြောလိုက်တယ်။

"သိမ်မွေ့လေးရယ် ... နင့်အဖေက မိန်းမယူလာတာ မဟုတ်ဘူး၊ ဘီလူးသဘက်မကို ခေါ်လာတာအေ့၊ နင့်ကို လင်ပါသမီးဆိုပြီး နှိမ်နေတာ၊ နင့်အဖေ ပြန်လာရင် ဒီမိန်းမ နှိပ်စက်တဲ့အကြောင်း ပြန်တိုင်ပစ်စမ်း၊ ငါတို့ နေ့စဉ် ကြားရတာ ရင်မချိလိုက်တာ"

ဒေါ်တရုတ်မရဲ့ မချိဒေါသစကားကို သိမ်မွေ့လေးက

"အို ... ဒီလိုမပြောပါနဲ့ ဒေါ်ကြီးရယ်၊ သူများပေးတဲ့ အ,ကုသိုလ်ကို ကိုယ်က မယူရဘူး၊



နေတတ်ရင် အသေမြတ်တယ်လို့ ... ဆရာတော်ကြီးတစ်ပါးက ဟောဖူးတယ် ဒေါ်ကြီးရဲ့၊ သိမ်မွေ့နဲ့ပတ်သက်ပြီး ဒေါ်ကြီးတို့ စိတ်မကောင်း မဖြစ်ကြပါနဲ့၊ လူဆိုတာ အတိတ်က ဝဋ်ကြွေးရှိရင် ကျေအောင်ဆပ်ရမယ် ဒေါ်ကြီးရဲ့ ...၊

သိမ်မွေ့က အန်တီခင်မေ့ဆီမှာ အတိတ်က ဝဋ်ကြွေးရှိလို့ ဆပ်နေရတာဖြစ်မှာပါ၊ ဒေါ်ကြီးဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့နော်"

လို့ လူကြီးဆန်တဲ့စကားကို ဆိုလိုက်တယ်။

သူမရဲ့စကားကြောင့် ဒေါ်တရုတ်မဟာ စိတ်မသက်မသာနဲ့ ခေါင်းခါယမ်းလိုက်ပြီး လှည့်ပြန်သွားတော့တယ်။

ဒီအချိန်မှာပဲ ...

"ဟဲ့ ... ငါ ရေချိုးတာ ပြီးတော့မယ်၊ ထဘီက ခုထိ မရောက်လာဘူး၊ သိမ်မွေ့ ... ဟဲ့ ... သိမ်မွေ့"

www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့ ခင်မေရဲ့အသံကို ကြားရတဲ့အတွက် သိမ်မွေ့လေးဟာ ရေလဲထဘီကို အပြေးအလွှားယူရင်း ...

"လာပါပြီ အန်တီ ... လာပါပြီ"

လို့ ပျာပျာသလဲ ပြောလိုက်တော့တယ်။

□□□

"သိမ်မွေ့လေး ဘာဆက်ဖြစ်မှာလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

ညနေစောင်းတစ်ခု . . .

ဘိမ်နီးချောင်း ဒေါ်တာရုတ်မနဲ့ ရပ်ကွက်ထဲက မိန်းမကြီးများရဲ့ စကားဝိုင်းမှာတော့ ...

"သိမ်မွေ့လေးတစ်ယောက်တော့ သနားစရာပဲ၊ တိုးမောင်ကလည်း ကလေးကို မိထွေးလက်အပ်ပြီး ထွက်သွားရက်လိုက်တာအေ၊

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်တော့ ခင်မေဆိုတဲ့ကောင်မကို နည်းနည်းလေးမှ ကြည့်မရဘူး၊ သိမ်မွေ့လေးကို နိုင်းရက်လိုက်တာများ၊ ခများ ကိုယ်အင်္ကျီမပြည့်စုံပါဘူးဆိုမှ ... တစ်အိမ်လုံးအလုပ်ကို သိမ်းကျုံးလုပ်ရရှာတယ်၊ ဒါ့ကြောင့် မိထွေးတော် ဂေါတမီကလွဲရင် ဘယ်မိထွေးမှ မကောင်းဘူးဆိုတဲ့စကားရှိခဲ့တာ၊ ခင်မေဆိုတဲ့မိန်းမဟာ မိခင်စိတ်မရှိတဲ့မိန်းမယုတ်ပဲ"

ဒေါ်တရုတ်မရဲ့စကားကြောင့် ခြေရင်းအိမ်က အကြော်သည်က ...

"သိမ်မွေ့လေးက လူကသာ ခုနစ်နှစ်ပဲရှိသေးပေမယ့် အရွယ်နဲ့မမျှအောင် ဘာသာတရား ကိုင်းရှိုင်းတာနော်၊ တို့ရပ်ကွက်ထဲမှာတော့ စံပြကလေးပဲဟေ့၊ ငါ့သားနီတွတ်ဆို လူကြီးစကားလည်း နားမထောင်ဘူး၊ သူ့ကိုဆုံးမတိုင်း ... နင်တို့ သိမ်မွေ့ခြေဖျားလောက် လိမ္မာ



ရေးခြား ရှိရင် ငါ သေပျော်ပြီဟေ့ ...လို့တောင်ပြောယူရတယ်၊ တို့လူကြီးတွေတောင် ဥပုသ်သီတင်းကို မှန်မှန်မဆောက်နိုင်ဘူး၊ သိမ်မွေ့လေးက ဥပုသ်ရက်တိုင်း ယောဂီဝတ်စုံလေးနဲ့၊ ဘယ်လောက်အေးချမ်းလိုက်တဲ့ ကလေးလဲ၊ ဒီလို သူတော်ကောင်းကို နှိပ်စက်နေတာ ခင်မေ့အတွက် အကုသိုလ်ပဲဟေ့၊ ဒီကောင်မ ဘယ်အချက် ပြန်ခံရမလဲမသိဘူး"

လို့ ပြောနေစဉ်မှာပဲ သိမ်မွေ့တို့အိမ်ထဲက ငိုသံကို ကြားလိုက်ရတယ်။

"ခင်မေဆိုတဲ့ ကောင်မ ... ကလေးကို ရိုက်နှက်နေပြန်ပြီထင်တယ်၊ ဒီကောင်မ လုပ်ပုံတွေ သိပ်လွန်နေပြီ၊ ငါတို့ သွားပြောကြရင် ကောင်းမယ်"

ဒေါ်တရုတ်မရဲ့စကားကြောင့် ကျန်လူတွေက ...

"အေး ... ဟုတ်တယ်၊ သွားပြောမယ်၊ ငါတို့

www.burmeseclassic.com

www.burmeseclassic.com





ပဲ သွားလို့ မကောင်းဘူး၊ ရပ်ကွက်လူကြီးကိုပါ ခေါ်ပြီး သွားမယ်”

လို့ ပြောဆိုရင်း ရပ်ကွက်လူကြီးအိမ်ဘက် အုပ်စုလိုက် ချီတက်သွားကြတယ်။

ဒီနောက်မှာတော့ ...

ရပ်ကွက်လူကြီးနဲ့ ဒေါ်တရုတ်မတို့လူစုဟာ ခင်မေတို့ ခြံထဲကို ဝင်သွားကြတော့တယ်။

မြင်ကွင်းက မသက်သာလှပေ။

ခင်မေဟာ ကြိမ်လုံးကို အားကုန်လွှဲရင်း သိမ်မွေ့လေး ကို မရပ်မနား ရိုက်နှက်နေပေတယ်။

သိမ်မွေ့ရဲ့ တစ်ကိုယ်လုံး အရှိုးရာတွေ ဗရပွ။

လူအုပ်စုကို မြင်တဲ့အခါ ခင်မေဟာ ကြိမ်လုံးပစ်ချပြီး လျှောက်လာတယ်။

“ဘာကိစ္စလဲရှင့် ...၊ အလှူခံဖို့ဆို ကျွန်မ ယောကျ်ားလာမှ လာခဲ့ပါ”

“အလှူခံဖို့ မဟုတ်ဘူး ... ခင်ဗျား သိမ်မွေ့



လေးကို မတရားရိုက်နှက်နေတဲ့အတွက် လာခဲ့ ရတာပဲ၊ ခင်ဗျားဟာ တိုးမောင်ရဲ့မိန်းမဆိုတာ ကျုပ်တို့ သိပါတယ်၊ တိုးမောင်ကိုတောင် ချစ် ခင်စုံမက်လို့ ယူခဲ့သေးတာပဲဗျာ၊ သူ့ကလေးကို လည်း ခင်ဗျား ချစ်ခင်ရမှာပေါ့၊ လူမမယ် က လေးတစ်ယောက်ကို ဒီလောက်အထိ မရိုက် နှက်ပါနဲ့၊ သိမ်မွေ့လေးက ကိုယ်အင်္ဂါချို့ယွင်း နေရှာတဲ့ ကလေးပါ၊ ကျုပ်အနေနဲ့ ခင်ဗျားကို ပါးစပ်နဲ့တားလို့မရရင် ဒီကလေးကို ကျုပ်ခေါ် ထားပြီး တိုးမောင်ပြန်လာတဲ့အထိ ထိန်းသိမ်းရ လိမ့်မယ်”

ရပ်ကွက်လူကြီးအပြောကြောင့် ခင်မေဟာ မျက်နှာကို မဲ့ရွဲ့လျက် ...

“နေပါဦး ... ရှင်က ဒီလိုပြောရအောင် ဘာ မို့လို့လဲ၊ ကျွန်မတို့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စကို ဝင်မစွက်ပါနဲ့”

www.burmeseclassic.com

www.burmeseclassic.com



လို့ လေသံမာမာနဲ့ ပြောလိုက်တယ်။

ခင်မေ့စကားကြောင့် ရပ်ကွက်လူကြီးဟာ မျက်နှာတင်းမာသွားပြီး ...

"ကျုပ်က ဟောဒီရပ်ကွက်မှာ တာဝန်ရှိတဲ့ ရပ်ကွက်လူကြီး ဦးအုန်းမောင်ပဲ၊ ကျုပ်ရဲ့ ရပ်ကွက်ထဲမှာ ဖြစ်ပျက်နေတဲ့ မတရားမှုမှန်သမျှ ဖြေရှင်းပေးဖို့ ကျုပ်မှာ တာဝန်ရှိတယ်"

လို့ ပြောလိုက်တဲ့အခါ ခင်မေဟာ မျက်နှာအရောင်ပြောင်းသွားပြီး ...

"အို ... ကျွန်မ ရပ်ကွက်လူကြီးမှန်း မသိလို့ပါရှင်၊ သိမ်မွေ့လေးကို သားသမီးအရင်းလို ကျွန်မက ချစ်တာပါ လူကြီးရယ်၊ ကလေးဆိုတာမျိုးက တစ်ခါတလေ တုတ်နဲ့ ခြောက်လှန့်မှ ကြောက်တာမဟုတ်လား၊

ဒါကြောင့် ကြိမ်လုံးပြပြီး ဆုံးမနေရတာပါ၊ ဒါကို လူကြီးအနေနဲ့ အထင်မလွဲပါနဲ့ရှင်၊



ကျွန်မကြောင့်လည်း ရပ်ကွက်ကို အနှောင့်အယှက် မဖြစ်စေရပါဘူး၊ လူကြီးတို့ မကြိုက်ရင် ကလေးကို ပါးစပ်နဲ့ပဲ ဆုံးမပါတော့မယ်ရှင်၊ ကျွန်မ ကတိပေးပါတယ်"

လို့ ပျာပျာသလဲ တောင်းပန်လိုက်တယ်။

ရပ်ကွက်လူကြီးဟာ ခင်မေရဲ့စကားကြောင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"အေးဗျာ ... ကလေးကို ဆုံးမတာလည်း ဆုံးမပေါ့၊ ဒါပေမဲ့ ... တရားလွန်မလုပ်ပါနဲ့၊ ကျုပ်တို့ သိရသလောက် သိမ်မွေ့လေးဟာ လူကြီးဆုံးမရမယ့် ကလေးမျိုးမဟုတ်ပါဘူး၊ နောက် ... ဒါမျိုး မဖြစ်ပါစေနဲ့၊ ခင်ဗျားတို့နဲ့ ပတ်သက်ပြီး နောက်ထပ် ရပ်ကွက်ရဲ့တိုင်တန်းသံတွေ ကျုပ် မကြားချင်ဘူး"

လို့ ရာဇသံပေးပြီး လှည့်ပြန်သွားတယ်။

ရပ်ကွက်လူကြီး ထွက်သွားတဲ့အခါ ခင်မေဟာ သိမ်မွေ့

www.burmeseclassic.com

www.burmeseclassic.com



လေးရဲ့ နားရွက်ကို လိမ်ဆွဲလိုက်ရင်း ...

"နင့်ကြောင့် ငါ အပြောခံရတာ၊ နောက်တစ်ခါ အသံပြဲရဲ ပြဲကြည့်၊ နင့်ကို အသံတိတ်နည်းနဲ့ ဆုံးမပြမယ်"

လို့ ကြုံးဝါးလိုက်တော့တယ်။

❒❒❒

"ခင်ဓမ · · · ဘာဆတ်လုပ်မလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၀)

ကိုတိုးမောင် ကုန်ပို့ရာက ပြန်လာတဲ့အခါ ခင်မေက ...

"အစ်ကိုကြီးတို့ရပ်ကွက်ထဲက လူတွေက ခင်မေ့ကို ဝတ်နိုင်,စားနိုင်တာကြည့်ပြီး မနာလိုဖြစ်နေကြတယ် အစ်ကိုကြီးရဲ့၊ တစ်ချိန်လုံး

www.burmeseclassic.com

www.burmeseclassic.com



မနာလိုစိတ်နဲ့ မျက်လုံးဒေါက်ထောင်ကြည့်နေသလို ကိုယ့်သားသမီး ကိုယ်ဆုံးမတာတောင် ဝေဖန်ကဲ့ရဲ့ချင်နေကြတယ်၊ ခင်မေတော့ ဒီရပ်ကွက်ထဲမှာ လုံးဝနေချင်စိတ် မရှိတော့ဘူး အစ်ကိုကြီးရယ်”

လို့ တိုးမောင်ရဲ့ရင်ခွင်ထဲ ခေါင်းဝှေ့ရင်း ပြောလိုက်တယ်။

မိန်းမဖြစ်သူရဲ့စကားကြောင့် တိုးမောင်ဟာ မျက်မှောင်ကြုတ်သွားပြီး ...

“ဟုတ်ရဲ့လား ခင်ရာ ... ကိုယ်တို့ရပ်ကွက်ထဲက လူတွေက စိတ်ကောင်းရှိကြပါတယ် ခင်ရဲ့၊ ခင် အမြင်လွဲနေပြီထင်တယ်”

လို့ ပြောလိုက်တယ်။

ခင်မေက နှုတ်ခမ်းစူ မူနွဲ့လိုက်သည်။

“ဟွန်း ... အစ်ကိုကြီးကလည်း မိန်းမတွေရဲ့စိတ်ကို မိန်းမချင်း အသိဆုံးပဲ၊ သူတို့ရဲ့



အကြည့်တွေက ခင့်ကို အစ်ကိုကြီးရဲ့ နောက်မိန်းမဆိုတဲ့အသိနဲ့ ကဲ့ရဲ့သလိုကြီး ကြည့်ကြတာ၊ ခင်က အစ်ကိုကြီးကို ချစ်သလို၊ သိမ်မွေ့လေးကိုလည်း သမီးအရင်းလို ချစ်ပါတယ်၊ ဒါပေမဲ့ ရေရှည်မှာ ... ပတ်ဝန်းကျင်က မိထွေးဆိုတဲ့ အကြောင်းပြချက်နဲ့ သိမ်မွေ့လေးကို သွေးထိုးပေးကြရင် ဘယ်လိုလုပ်မလဲ ...၊

ခင်တော့ ပတ်ဝန်းကျင်ရဲ့သွေးထိုးမှုကြောင့် ဒီမိသားစုလေး ပြိုကွဲပျက်စီးမှာ သိပ်စိုးရိမ်တယ် အစ်ကိုကြီးရယ်၊ ခင်တို့ ဒီနေရာက ပြောင်းရအောင် ... နော်၊ တောင်ပေါ်မှာ အစ်ကိုကြီးရဲ့ ခြံနဲ့အိမ် ရှိသေးတယ်ဆို၊ အဲဒီမှာ ပြောင်းနေကြရင် မကောင်းဘူးလား၊ ကုန်သယ်စရာရှိရင်လည်း အစ်ကိုကြီး မပင်ပန်းတော့ဘူးပေါ့ ... နော် အစ်ကိုကြီး”

လို့ ပြောလိုက်တဲ့အခါ တိုးမောင်က အလေးအနက်

www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားလိုက်တယ်။

သူ့လက်မောင်းပေါ် ခေါင်းမှီထားတဲ့ ခင်မေရဲ့ကျောကို ပွတ်သပ်လိုက်ရင်း ...

"ကဲပါ ခင်ရယ် ... ခင်ပြောတာတွေက သဘာဝကျပါတယ်၊ အစ်ကိုကြီးတို့ တောင်ပေါ်ကခြံကို ပြောင်းနေကြမယ်၊ ခင် ဘာမှတွေး မနေနဲ့တော့ ... ဟုတ်ပြီလား"

လို့ ပြောလိုက်တော့တယ်။

ခင်မေဟာ သူမ,ဆန္ဒ ပြည့်ဝသွားတဲ့အခါ တိုးမောင်ကို ရွှန်းရွှန်းစားစားကြီး စိုက်ကြည့်ရင်း ရှက်ခနဲ နမ်းရှိုက်လိုက်တယ်။

❒❒❒

"ခင်မေ • • •ဘာတွေ တွေးနေတာလဲ?"

(၈) ခန်း

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၁)

ကိုတိုးမောင် တစ်ယောက် မိန်းမစကား နားယောင်ပြီး တောင်ပေါ်ရှိ ခြံထဲကို ပြောင်းရွှေ့ခဲ့တယ်။

တောင်ပေါ်ခြံဟာ ကုန်းမို့မို့ရဲ့အထက်မှာ ရှိနေတယ်။

သီးပင်စားပင်တွေနဲ့ ဝေဆာနေသလို ...

ခြံရဲ့အလယ်မှာရှိတဲ့ ရေနံချေးရောင်နှစ်ထပ်ပျဉ်ထောင်

www.burmeseclassic.com

www.burmeseclassic.com



အိမ်လေးဟာလည်း နေချင့်စဖွယ်။

ပျဉ်ထောင်အိမ်လေးရဲ့အောက်ထပ်က ဘာပစ္စည်းမှ မရှိ ဘဲ၊ ငင်းလင်းနေသလို ... အပေါ်ထပ်မှာတော့ ဘုရားခန်းနဲ့ အိပ်ခန်း သုံးခန်းပါရှိတယ်။

ပစ္စည်းများအားလုံး နေရာချထားပြီးချိန်မှာတော့ တိုး မောင်တို့လင်မယားက တစ်ခန်း ...

သိမ်မွေ့လေးက တစ်ခန်း ...

အသီးသီး အိပ်ရာဝင်ခဲ့ကြတယ်။

သိမ်မွေ့လေးဟာ သူမရဲ့လုပ်ရိုးလုပ်စဉ်အတိုင်း တစ် ဖက်တည်းသောလက်လေးနဲ့ ဘုရားကို အာရုံပြုကန်တော့လိုက် တယ်။

ပြီးတော့ ... တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရွာ စောင့်နတ်တွေကို မေတ္တာပို့ အမျှအတန်းဝေတယ်။

မေတ္တာပို့သပြီးချိန်မှာတော့ လွှာစောင်လေးကိုခြုံပြီး တစောင်းလေး အိပ်ပျော်သွားတော့တယ်။

သူမ ... နှစ်ခြိုက်စွာ အိပ်မောကျသွားချိန်မှာတော့ -

သူမရဲ့အိပ်မက်ထဲကို ဝတ်ဖြူစင်ကြယ်ဝတ်အဘိုးအို တစ်ဦး ရောက်ရှိလာတယ်။

အဘိုးအိုက သူမရဲ့လက်ကိုဆွဲရင်း အိမ်အပြင်ကို ခေါ် ထုတ်သွားတယ်။

တောင်ကုန်းထိပ်တစ်ခုရောက်တော့ အဘိုးအိုက တောင် ဆေးနဲ့ အဝေးကို ညွှန်ပြတယ်။

သူမ ကြည့်လိုက်တဲ့အခါ ပြေးလွှားနေတဲ့ လူတွေနဲ့အတူ မီးခိုးငွေ့တွေကိုပါ တွေ့လိုက်ရတယ်။

သူမ တအံ့တသြငေးကြည့်နေတုန်းမှာပဲ အဘိုးအိုဟာ ပျောက်ကွယ်သွားတော့တယ်။

"အဘိုး ... အဘိုး ဘယ်ရောက်သွားတာလဲ"

သူမ ... ရေရွတ်သံနဲ့အတူ ကြည့်လိုက်တဲ့အခါ အိပ်ခန်း ထဲ ပြန်ရောက်နေပြီ။

အိပ်မက်လိုလို၊ တကယ်လိုလို ဖြစ်ရပ်ကြောင့် ဇဝေဇဝါ ဖြစ်သွားရတယ်။

ဒါကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထ,ပြီး ခြံထဲဆင်းကြည့်လိုက်တယ်။

ခုနက အဘိုးအိုခေါ်ပြတဲ့ နေရာဆီ လျှောက်သွားပြီး ကြည့်မိတဲ့အခါ အဝေးဆီမှ မီးရောင်မှိန်ပျပျ အိမ်မြေတွေကို တွေ့လိုက်ရတယ်။

ပတ်ဝန်းကျင်တစ်ခုလုံး ပကတိတိတ်ဆိတ်ငြိမ်သက်နေတယ်။

"အင်း ... ခုနက အဘိုးပြတုန်းက လူတွေ ပြေးလွှားနေသလို မီးခိုးတွေကိုပါတွေ့ခဲ့ရတယ်၊ ခုကျတော့ ဘာမှမရှိပါလား၊ ဘာကြောင့်ပါ လိမ့် ...၊

ငါ့ဆီရောက်လာတဲ့ အဘိုးအိုက ဘယ်သူလဲ၊ ခြံတံခါးရော, အိမ်တံခါးပါ ပိတ်ထားလျက်နဲ့ ဘယ်လိုလုပ် အိမ်ထဲ ရောက်လာတာလဲ၊ အဘိုးအိုဟာ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေ, ဘာတွေ ဖြစ်နေပြီး ငါ့ကို နိမိတ်ကြိုပြခဲ့တာလား ...၊

ဒီအတိုင်းဆို ... အခုမြင်ရတဲ့ ရွာလေးမှာ အန္တရာယ်ရှိနေပြီ၊ ငါ ... ဘာလုပ်ရမလဲ၊ ဘာလုပ်ရမလဲ"

သိမမွေ့လေးဟာ အတွေးနဲ့အတူ လေးကန်တဲ့ခြေလှမ်းနဲ့ အိမ်ထဲ ပြန်ဝင်ခဲ့မိတယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

"သိမ်မွေ့ . . . မြင်ခဲ့ရတာ ဘာဖြစ်မလဲ?"

# အပိုင်း (၁၂)

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မနက် . . .

တိုးမောင် တစ်ယောက် မျက်လုံးပြူးမျက်ဆန်ပြူးနဲ့ ခြံအနှံ့လှည့်ပတ်ကြည့်ရင်း ...

"ဟ ... တစ်ခြံလုံးလည်း နံ့နေပြီ၊ ဒီကလေး ဘယ်ရောက်သွားပါလိမ့်၊ ခင်ရေ ... ခင်"

လို့ ရေရွတ်ပြီး ခင်မေကို လှမ်းခေါ်လိုက်တယ်။



ခင်မေ ရောက်လာတဲ့အခါ ...

"သမီးကို ရှာနေတာ ခင်၊ ခင် ... တွေ့မိသေးလား၊ ဘာများ ခိုင်းလိုက်သေးလဲ"

ခင်မေက ပြုံးချိုတဲ့မျက်နှာနဲ့ ...

"အမယ်လေး ... မေးရက်လိုက်တာ အစ်ကိုကြီးရယ်၊ ခင်တို့ရဲ့ တစ်ဦးတည်းသော သမီးလေးကို ခိုင်းရက်ပါ့မလားရှင် ... ဒီကလေး ဘယ်နေရာသွားဆော့နေလဲမှ မသိတာ"

လို့ နှာသံနဲ့ ပြောလိုက်တယ်။

ခင်မေရဲ့စကားကြောင့် တိုးမောင်တစ်ယောက် စဉ်းစားရကျပ်သွားတယ်။

ဒါ့ကြောင့် စိတ်ရှုပ်ထွေးဟန်နဲ့ ခေါင်းကို ကုတ်ဖွလိုက်မိတယ်။

ဒီအချိန်မှာပဲ ခြံရှေ့မှ ဆူညံသံတွေကို ကြားလိုက်ရတယ်။

အသံကြောင့် တိုးမောင်တို့ လှမ်းကြည့်လိုက်တဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com

လူအုပ်စုလိုက် ခြံထဲဝင်လာတာ တွေ့လိုက်ရတယ်။

ထိုလူများရဲ့လက်မှာ သိမ်မွေ့တစ်ယောက် ယက်ကန်ယက်ကန်နဲ့ ပါလာတယ်။

တိုးမောင်ဟာ ရင်ထိတ်သွားပြီး ခြံဝကို ခြေလှမ်းကျဲကြီးနဲ့ လျှောက်သွားတယ်။

"ဘယ်လိုဖြစ်ကြတာလဲဗျာ၊ ကျွန်တော့်
သမီးလေး ဘာဖြစ်လို့လဲ"

တိုးမောင်ရဲ့အမေးကြောင့် လူတစ်ယောက်က သိမ်မွေ့လေးကို ဆောင့်တွန်းလိုက်ရင်း ...

"ခင်ဗျားသမီးကို ကြည့်ပြောထားဗျာ၊ ကျုပ်
တို့ရွာက နိမိတ်တို့၊ အယူတို့ သိပ်ကြီးတာ၊
စောစောစီးစီး ရွာထဲလာပြီး ... ကျက်သရေမရှိ
တာတွေ လျှောက်ပြောနေတယ်"

လို့ မကျေမချမ်းသံနဲ့ ပြောလိုက်တဲ့အခါ ကျန်လူတွေကပါ ...

"ဟုတ်တယ်ဗျို့ ... ကျုပ်တို့ရွာက တောင်



ယာကို အဓိက လုပ်ကိုင်စားနေကြတာ၊ ကျုပ်
တို့ ဘယ်လောက်အယူရှိသလဲဆိုရင် ... ကျုပ်
တို့ ဘိုးဘွားစဉ်ဆက် တောင်ယာထဲ ဝင်တော့
မယ်ဆိုရင် အိမ်က အောင်သပြေပန်းခက်ကို
ချိုးပြီး ဆောင်သွားကြတာဗျ၊ စောစောစီးစီး
ငှက်ဆိုးသံကြားရင်တောင် ဘယ်သူမှ အလုပ်
မသွားတော့ဘူး၊ နိမိတ်မကောင်းတဲ့အတွက်
လုပ်ငန်းခွင်မှာ အန္တရာယ်ကြုံမှာ သိပ်ကြောက်
ကြတယ်၊ ဒီကောင်မလေးက ရွာထဲက လူတွေ
ကို လိုက်ပြီး နိမိတ်မရှိတာတွေ လျှောက်ပြော
တယ်၊ သူ့ကြောင့် ကျုပ်တို့အားလုံး လုပ်ငန်း
ခွင် မဝင်ရတော့ဘူး၊ အဲဒါ ခင်ဗျား သိရဲ့လား"
လို့ တစ်ယောက်တစ်မျိုး ဝိုင်းပြောကြကုန်တယ်။

"နေ ... နေကြပါဦးဗျာ၊ ကျွန်တော့်သမီး
ဘာတွေပြောလဲဆိုတာ ပြောပြပါဦး"

တိုးမောင်ရဲ့စကားကြောင့် လူတစ်ယောက်က ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောရမှာလဲဗျ၊ ကျုပ်တို့တစ်ရွာလုံး မီးလောင်မှုဖြစ်တော့မယ်၊ ဒီနေရာကနေ အမြန် ပြောင်းကြ ... ဆိုပြီး ကျက်သရေမဲ့တဲ့စကား တွေ လျှောက်ပြောနေတာ၊ ခင်ဗျားတို့ လူသစ် တွေမို့ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါဆို ရင်တော့ ကျုပ်တို့ကို အဆိုးမဆိုနဲ့၊ ကျုပ်တို့ အတွက် နိမိတ်ဆိုးစေမယ့်အရာဆိုရင် လူကြီး၊ ကလေး မခွဲခြားဘူး၊ မှတ်လောက်သားလောက် အောင် ဆုံးမပစ်မယ်၊ ကိုယ့်ကလေးကိုယ် နိုင် အောင်ထိန်းပါ၊ ဒီကလေးကို ကျုပ်တို့ရွာဘက် ခြေဦးမလှည့်စေနဲ့"

လို့ ကြုံးဝါးပြီး လှည့်ပြန်သွားကြတယ်။

တိုးမောင်တစ်ယောက် ရှက်ဒေါသကြောင့် မျက်နှာတစ် ခုလုံး နီရဲနေပြီး ...

ခင်မေက မကြာခင် တင်းမာတော့မယ့် သားအဖနှစ် ယောက်ရဲ့အခြေအနေကို ရိပ်စားမိပြီး မဲ့တဲ့တဲ့အမူအရာနဲ့ နှုတ်



ဆိတ်နေတယ်။

တိုးမောင်က သိမ်မွေ့ရဲ့ပခုံးကို ဆုပ်ကိုင်ရင်း ...

"ပြောစမ်း သမီး ... အရင်က သမီး ဒါမျိုး မလုပ်ဖူးပါဘူး၊ ဘာကြောင့် လူကြီးတွေကို အနှောင့်အယှက်ဖြစ်အောင် သွားပြောရတာလဲ၊ အခု ... သမီးကြောင့် ဖေဖေ အပြောခံရပြီ၊ ပြောစမ်း သမီး"

လို့ ခင်မာ မေးလိုက်တယ်။

သိမ်မွေ့လေးဟာ စိုးရိမ်မှုယှက်သန်းနေတဲ့ မျက်လုံးပြူး ကြီးနဲ့ ဖခင်ကိုကြည့်ရင်း ...

"မ ... မဟုတ်ပါဘူး ဖေဖေ၊ သမီး နှောင့် ယှက်တာ မဟုတ်ရပါဘူး၊ ညက သမီး ... သမီး အိပ်မက်လိုလို၊ တကယ်လိုလိုနဲ့ ထူးဆန်း တဲ့အဖြစ်နဲ့ ကြုံခဲ့ရတယ်၊ သမီးဆီကို အဖြူ ရောင်ဝတ်ထားတဲ့ အဘိုးအိုတစ်ယောက် ရောက်လာခဲ့တယ် ဖေဖေ၊ သူက သမီးကို

www.burmeseclassic.com

www.burmeseclassic.com



လက်ဆွဲခေါ်သွားပြီး တောင်ကုန်းအောက်ကို ညွှန်ပြတယ်၊ အဲဒီမှာ လူတွေ ပြေးလွှားနေကြပြီး မီးလောင်နေသလိုကြီး မြင်နေရတယ်၊ ဒါကြောင့် ရွာသားတွေကို သွားပြီး သတိပေးမိတာပါ"

လို့ ပြောလိုက်တဲ့အခါ တိုးမောင်ရဲ့မျက်နှာ ကွက်ခနဲ ပျက်သွားတယ်။

တင်းမာမှုဒေါသတရားတွေ မျက်နှာပေါ် ပျောက်သွားပြီး

"သမီးကို ဖေဖေ နားလည်တယ် သမီး၊ ဒါပေမဲ့ ... လောကမှာ တချို့သော လူတွေအတွက် မှန်တိုင်းလည်း မကောင်းဘူး သမီးရဲ့၊ သမီးက စေတနာနဲ့ ပြောပေမယ့် ဒီက လူတွေဟာ အယူသိပ်သီးတဲ့လူတွေ ဖြစ်နေတယ်၊ ဒါကြောင့် ဒီကလူတွေနဲ့ ကင်းအောင်နေပါ သမီး"

လို့ ပြောလိုက်တယ်။

"ဟုတ်ကဲ့ပါ ဖေဖေ ... သိမ်မွေ့ နောက်ဆို ဒီလိုမဖြစ်အောင် ကြိုးစားပါ့မယ်"

သိမ်မွေ့လေးဟာ ပြောဆိုပြီး အိမ်ထဲဝင်သွားတယ်။

ခင်မေဟာ တိုးမောင်ကို မကျေမနပ်ကြည့်ရင်း ...

"အစ်ကိုကြီးကလည်းလေ ... သမီးလေးနောက် ဒီလိုလျှောက်မပြောအောင် မဆုံးမ,ဘဲ ဘာတွေ လျှောက်ပြောနေမှန်းမသိဘူး၊ တကယ်ပါပဲ"

လို့ ရေရွတ်လိုက်တဲ့အခါ တိုးမောင်က သက်ပြင်းချရင်း

"သမီးလေးအကြောင်းကို အစ်ကိုကြီးထက်ပိုပြီး ဘယ်သူမှမသိနိုင်ဘူး ခင်၊ တစ်ချိန်ကျရင် ခင့်ကို သမီးလေးနဲ့ပတ်သက်တဲ့အကြောင်းတွေကို ပြောပြဖြစ်မယ် ထင်ပါတယ်"

လို့ ပြောလိုက်တော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

"သိမ်မွေ့ပြောတဲ့အတိုင်း တကယ်ဖြစ်မှာလား?"

# အပိုင်း (၁၃)

www.burmeseclassic.com

www.burmeseclassic.com

**ခင်မေတစ်ယောက်** တိုးမောင် အိမ်မှာရှိနေတဲ့အတွက် သိမ်မွေ့လေးကို ကောင်းကောင်းမွန်မွန် ဆက်ဆံတယ်။

အိမ်အလုပ်တွေ ဘာတစ်ခုမှ မခိုင်းသလို ... သမီးဆိုတဲ့ ခေါ်သံက ပါးစပ်ကတောင် မချဘူး။

သိမ်မွေ့လေးဟာ ခင်မေရဲ့စိတ်ဓာတ်ကို သိပေမယ့် လူ



တွေအပေါ် အပြစ်မမြင်ဘဲ မေတ္တာထားတဲ့စိတ်ကြောင့် ခင်မေ ဘယ်လိုပင် ဆက်ဆံပါစေ သူမအတွက် အပြောင်းအလဲမရှိဘူး။

တိုးမောင်ကိုယ်တိုင်လည်း ခင်မေရဲ့ ဘီလူးရုပ်ကို မမြင်ဘဲ မင်းသမီးရုပ်ကိုသာ မြင်တဲ့အတွက် လူရွေးတာ မှန်တယ်ဆိုပြီး ကျေနပ်နေရှာတယ်။

တစ်နေ့ ညနေစောင်းတစ်ခု တိုးမောင်တို့ ညစာစားသောက်စဉ် အဝေးက ပျံ့လွင့်လာတဲ့ အော်ဟစ်ဆူညံသံတွေကို ကြားလိုက်ရတယ်။

သုံးယောက်သား စားလက်စကိုရပ်ပြီး ခြံပြင် ပြေးထွက်ကြည့်ကြတယ်။

တောင်ကုန်းအောက်ကို ကြည့်လိုက်တဲ့အခါ ပြေးလွှားနေတဲ့ ရွာသားတွေကို တွေ့ရသလို ... အိမ်ခေါင်မိုးတစ်ခုက လိုက်တက်နေတဲ့ မီးခိုးတွေကိုပါ တွေ့လိုက်ရတယ်။

ရွာသားတွေရဲ့ အော်ဟစ်ပြေးလွှားသံတွေကြောင့် သိမ်မွေ့လေးဟာ မျက်ရည်ရစ်ဝဲမတတ် စိတ်မကောင်းဖြစ်သွားရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com

တိုးမောင်က ထိုအဖြစ်ကို ငေးစိုက်ကြည့်ရင်း ...

"အင်း ... ငါ့သမီးပြောတဲ့အတိုင်း သူတို့ရွာလေးမှာ တကယ်ကို ကြုံတွေ့နေရတာပဲ၊ မီးကို သူတို့ ငြိမ်းနိုင်ပါစေလို့ ဆုတောင်းရုံကလွဲရင် ဘာများ တတ်နိုင်ပါ့မလဲ"

လို့ တီးတိုးရေရွတ်လိုက်တယ်။

ခင်မေက မျက်နှာကို မသိမသာမဲ့လိုက်ရင်း ...

"ဟုတ်တယ်နော် အစ်ကိုကြီး၊ ခင်တို့ သမီးလေးပြောတဲ့အတိုင်း ဖြစ်နေပြီ၊ ဟင်း ဟင်း ... သမီးလေးက တကယ့်လူထူးလူဆန်းပဲ၊ သမီးလေးကိုသာ ရုံသွင်းပြစားလိုက်ရင် အစ်ကိုကြီးကုန်ကားမောင်းစရာ မလိုတော့ဘူး"

လို့ ခနဲ့သလို ရွဲ့သလို စကားဆိုလိုက်တယ်။

မီးလောင်မှုဖြစ်ပြီး နာရီဝက်ခန့်ကြာတဲ့အခါမှာတော့ ရွာသားတွေဟာ မီးကို ငြိမ်းသတ်နိုင်ခဲ့တယ်။

အခြေအနေအေးဆေးသွားတော့မှ တိုးမောင်တို့သုံး





ယောက်သား အိမ်ထဲပြန်ဝင်ခဲ့ကြတယ်။

ထမင်းဝိုင်းကို အပြီးသတ်စားသောက်ပြီးချိန်မှာတော့

"ဗျို့ ... ကိုတိုးမောင်၊ ကိုတိုးမောင် ရှိသလားဗျ"

ဆိုတဲ့ အသံကို ကြားလိုက်ရတယ်။

တိုးမောင်ဟာ အိမ်တံခါးကို သွားဖွင့်ကြည့်လိုက်တဲ့အခါ ...

"သြော် ... ကိုလှဝင်းပါလား၊ မိုးတောင်အတော်ချုပ်နေပြီဗျ၊ မလာစဖူး အလာထူးရင် အရေးကြီးကိစ္စ ရှိနေပြီထင်တယ်"

ကိုလှဝင်းဆိုသူက အိမ်ထဲဝင်ထိုင်လိုက်ပြီး ...

"ဟုတ်တယ် ကိုတိုးမောင်၊ ကျုပ် ဒီညနေပဲ အော်ဒါရလို့ ခင်ဗျားရဲ့ကားကို လာငှားတာဗျ၊ ကျုပ်ရဲ့ လက်ဖက်အိတ်တွေကို ခင်ဗျား ရန်ကုန်ပို့ပေးရမယ် ... ဖြစ်မလား"

လို့ မေးလာတဲ့အခါ ကိုတိုးမောင်က စာရင်းစာအုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ထ,ယူလိုက်ရင်း ...

"လဆန်းရက်မှာတော့ လက်ဖက်ခြောက်တွေ ပို့စရာရှိတယ်၊ ဒီရက်ထဲဆိုရင်တော့ ရတယ်ဗျ"

လို့ ပြောလိုက်တယ်။

"ဒီရက်ထဲမဟုတ်ဘူး ကိုတိုးမောင်ရ ... မနက်ဖြန်ကို ခင်ဗျား ဒီက ထွက်ပေးမှရမှာ၊ တစ်ဖက်က ကုန်လက်ခံမယ့်လူတွေက ရန်ကုန်က စောင့်ရမှာဗျ၊ ဒီတော့ ... ခင်ဗျား ဒီနေ့မနက် သုံးနာရီလောက် ထွက်ပေးမှာဗျို့"

ကိုလှဝင်းရဲ့စကားကြောင့် တိုးမောင်က ခေါင်းကုတ်စဉ်းစားလိုက်တယ်။

တိုးမောင်ရဲ့အမူအရာကိုကြည့်ပြီး လှဝင်းက ...

"မဖြစ်နိုင်ဘူးလို့တော့ မငြင်းနဲ့ ကိုတိုးမောင်ရ၊ ကျုပ်အတွက် အချိန်မီပို့ပေးဖို့ သိပ်အရေးကြီးနေလို့ပါ၊ ကားခကို ကျုပ် ပိုပေးပါ့မယ်ဗျာ"



လို့ ပြောလာတဲ့အခါ တိုးမောင်က ...

"ပိုပေးတာ၊ မပေးတာက အရေးမကြီးဘူးဗျ၊ ကျုပ်ကား သိပ်မကောင်းဘူး၊ ပြင်ဆင်ဖို့အချိန်ယူရဦးမယ်"

"ဟာဗျာ ... ပြင်ကွက်မကြီးရင် လက်ပူတိုက်လိုက်လို့ ရပါတယ်၊ ဒီမနက်ပဲ ထွက်ပေးပါဗျာ၊ လုပ်ပါ ကိုတိုးမောင်ရာ ... ဒီမှာရှိတဲ့ကားတွေအားလုံး ကျုပ် စုံစမ်းပြီးပြီ၊ အားလုံးနယ်ထွက်နေကြတာဗျ၊ ခင်ဗျားကားတစ်စီးပဲ မြို့မှာ ရှိတာပါ၊

ကိုလှဝင်းရဲ့အကြိမ်ကြိမ်တောင်းဆိုမှုကြောင့် တိုးမောင်တစ်ယောက် အားတုံ့အားနာဖြစ်သွားပြီး ...

"ကဲပါဗျာ ... သုံးနာရီကျရင် ကျုပ် လာခဲ့ပါ့မယ်၊ ခင်ဗျား ငွေချေပြီးတော့သာ ပြင်နှင့်ပေတော့၊ အပိုငွေလည်း ပေးစရာမလိုပါဘူး"

လို့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာ ကိုလှဝင်းရဲ့မျက်နှာ ရွှင်ပျသွားပြီး ကားဖိုးငွေကို ထုတ်ပေးတယ်။

ကျေးဇူးတင်စကား အထပ်ထပ်ပြောပြီး ထ,ပြန်သွားတော့တယ်။

□□□

"ဘာဆက်ဖြစ်မလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၄)

"အစ်ကိုကြီးရယ်... နားရတဲ့ရက်က ဘယ်လောက်မှ မရှိသေးဘူး ... အလုပ်က ပေါ်လာပြန်ပြီ၊ ခင်တော့ အစ်ကိုကြီးကို လွမ်းရဦးမှာပေါ့၊ ကုန်ပို့ပြီးတာနဲ့ အမြန် ပြန်လာရမယ်နော် ... သိလား"

www.burmeseclassic.com

www.burmeseclassic.com


အိပ်ရာထက်လှဲချရင်း ပြောလိုက်တဲ့ ခင်မေ့စကား ကြောင့် တိုးမောင်ဟာ သူမရဲ့ကိုယ်လေးကို ဆွဲဖက်လိုက်ရင်း

"တစ်လကိုးသီတင်း မကြာပါဘူး ခင်ရာ၊ အလွန်ဆုံး လေးငါးရက်လောက်ပါပဲ၊ ဘာဖြစ်လို့လဲမသိဘူး ခင်ရယ် ... ကိုယ် ဒီတစ်ခေါက်ကုန်ပို့သွားရမှာ စိတ်ထဲ တစ်မျိုးကြီး ဖြစ်နေတယ်၊ ကိုလှဝင်းကို အားနာလို့သာ လက်ခံလိုက်ရတာ ... မသွားချင်ဘူး ခင်ရာ"

လို့ ညည်းညူစကား ဆိုတယ်။

ခင်မေက တိုးမောင်ရဲ့ရင်ခွင်ထဲ ခေါင်းတိုးဝင်လိုက်ပြီး-

"ခရီးသွားခါနီး ဒီလိုတွေမပြောပါနဲ့ အစ်ကိုကြီးရယ် ... ခင်တို့က အစ်ကိုကြီးပြန်လာမယ့် အချိန်ကို အိမ်ပေါက်ဝကနေ လည်ပင်းကုလားအုပ်ဖြစ်မတတ် မျှော်နေရသူတွေပါ၊ အစ်ကိုကြီး လမ်းခရီးမှာ ချောမောဖို့ ဘုရားမှာ ဆုတောင်းရတာလည်း အမောပါပဲ၊ ခင့်ကိုရော



သမီးလေးကိုပါ စိတ်ချပြီး သွားပါနော် ... အစ်ကိုကြီး"

လို့ ပြောလိုက်တဲ့အခါ တိုးမောင်က နဖူးပေါ် လက်တင်လျက် ...

"ခင့်ကို စိတ်ချပေမယ့် သမီးလေးကို စိတ်မချဘူး ခင်၊ သမီးလေးက လိမ္မာယဉ်ကျေးတဲ့ ကလေးတစ်ယောက်ဖြစ်ပေမယ့် သူ့ရဲ့ မွေးရာပါ ထူးဆန်းမှုတွေကြောင့် ပတ်ဝန်းကျင်က တစ်မျိုးထင်မှာ စိုးရတယ်"

ခင်မေက တိုးမောင်ကို မျက်လုံးလှန်ကြည့်ရင်း ...

"အစ်ကိုကြီးပြောတာ ခင် နားမလည်ဘူး၊ ဘယ်လိုထူးဆန်းတာလဲဟင်"

လို့ စိတ်ဝင်စားသလို ဟန်နဲ့ မေးလိုက်တယ်။

"တကယ်တော့ သမီးလေးဟာ သူတော်ကောင်းတစ်ယောက်ပါ၊ ကိုယ်ဟာ တစ်ချိန်တုန်းက သူများကားကို အငှားယူမောင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



ကုန်ပို့ပေးရတဲ့ လူတစ်ယောက်ပါ၊ တစ်နေ့ ...

ဟောဒီတောင်ပေါ်က ကုန်တွေကို နယ်မြို့လေး

တစ်မြို့ဆီ သွားပို့ပေးရတယ်၊ အဲဒီမှာ ကိုယ့်

ဘဝအတွက် ဘယ်တော့မှ မမေ့နိုင်တဲ့ ထိတ်

လန့်တုန်လှုပ်မှုကြီးတစ်ခုနဲ့ ကြုံခဲ့ရတယ် ခင်”

တိုးမောင်ဟာ ပြောဆိုရင်း စကားစ,ရပ်လိုက်တဲ့အခါ

ခင်မေက ...

“အင်း ... အဲဒီတော့ ဘာဖြစ်သလဲဟင်၊

အစ်ကိုကြီး ဘာတွေ ကြုံတွေ့ခဲ့ရလို့လဲ”

လို့ စကားထောက်မေးလိုက်တယ်။

□□□

“တိုးမောင် - - - ဘာထူပ်ခဲ့လို့လဲ?”

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၅)

**ကိုးမောင်က** ပြတင်းပေါက်အပြင်က ထိန်ထိန်သာနေတဲ့ လမင်းကြီးကို ရီဝေစွာ ငေးစိုက်ကြည့်ရင်း ...

"အဲဒီမြို့လေးရဲ့ မိန်းလမ်းအတိုင်း ကိုယ်ကားကို မောင်းခဲ့တယ်၊ ဆေးရုံအရှေ့နားရောက်တော့ ... ကိုယ့်ကားရှေ့ကို ကလေးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com


ပြေးဝင်လာတယ်၊ ကိုယ်အချိန်မီ ဘရိတ်အုပ်ဖို့ ကြိုးစားပေမယ့် အရှိန်သိပ်ပြင်းတဲ့အတွက် ဘယ်လိုမှ မရခဲ့ဘူး၊ ဒီအချိန်မှာပဲ အဘွားအိုတစ်ယောက် ကားရှေ့ ပြေးဝင်လာပြန်တယ်၊ ကိုယ် တအားထိတ်လန့်ပြီး ဘရိတ်ကို အားကုန်ဆောင့်အုပ်လိုက်တယ်၊ ဒုန်း ... ခနဲ အသံကြီးနဲ့ ကားထိုးရပ်သွားပေမယ့် အရမ်းနောက်ကျသွားခဲ့ရတယ်၊ ကိုယ်ဆင်းကြည့်တဲ့အခါ သွေးအိုင်ထဲ လဲနေတဲ့ အဘွားအိုရဲ့အဖြစ်ဆိုးကြီးကို တွေ့ခဲ့ရတယ်၊ အဘွားအိုရဲ့ လက်တစ်ဖက်ဟာ ကိုယ့်ကားဘီးအောက်ပိမိပြီး ညက်ညက်ကြေနေတာ တွေ့ခဲ့ရတယ်၊ အဲဒီမြင်ကွင်းကြောင့် ကိုယ် ရူးမတတ် တုန်လှုပ်ခဲ့ရတယ်”

ခင်မေတစ်ယောက် မျက်လုံးအစုံ ပြူးကျယ်သွားပြီး-

“ဟာင် ... ကြားရတာ စိတ်မကောင်းလိုက်တာ အစ်ကိုကြီးရယ်၊ အဘွားအိုက လက်တစ်ဖက် ကားအောက်ဝင်ပြီး ပွဲချင်းပြီး သေဆုံးခဲ့ရတာပေါ့၊ သူ့အဖြစ်က ဆိုးလိုက်တာနော်၊ အစ်ကိုကြီးရဲ့ ကားရှေ့ကို ဖြတ်ပြေးတာ ကလေးလေးမဟုတ်လား၊ ဘယ်လိုဖြစ်ပြီး အဘွားအိုက အတိုက်ခံရတာလဲ”

တိုးမောင်က သက်ပြင်းရှိုက်လိုက်ပြီး ...

“တကယ်တော့ အဘွားအိုက သူ့အသက်နဲ့ ကလေးရဲ့အသက်ကို လဲပြီး ကယ်တင်သွားတာပဲ ခင်၊ ယာဉ်တိုက်မှုဖြစ်နေချိန်မှာ ... ဆေးရုံထဲက ဆရာဝန်နဲ့ သူနာပြုတွေ အပြေးအလွှားရောက်လာကြတယ်၊ သူတို့ဟာ ပွဲချင်းပြီး သေဆုံးနေတဲ့အဘွားအိုကို မြင်တဲ့အခါ အံ့သြထိတ်လန့်ဟန်နဲ့ အဘွားအိုရဲ့အကြောင်းကို တဖွဖွပြောခဲ့ကြတယ်၊ သူတို့ရဲ့ပြောချက်အရ အဘွားအိုဟာ ဒီနေ့မှ ဆေးရုံဆင်းခဲ့သလို၊ ဆေးရုံပေါ်ကို ယာဉ်မတော်တဆ တိမ်းမှောက်မှုနဲ့ ရောက်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့တယ်ဆိုတာပါ သိခဲ့ရတယ်”

လို့ ပြောလိုက်တဲ့အခါ ခင်မေက ...

“ဟင် ... ဒါဆို သူက ကြမ္မာဆိုးတွေပဲ ဆက်တိုက် ကြုံခဲ့ရတာပေါ့၊ အတော်ကို ကံနိမ့်နေလို့ပဲ ဖြစ်မယ် ... နော် အစ်ကိုကြီး”

လို့ ကောက်ချက်ချလိုက်တယ်။

□□□

“တိုးမောင် - - - ဘာဆက်ပြောမလဲ?”

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၆)

ခင်မြေရဲ့အမေးကို တိုးမောင်က ခေါင်းခါယမ်းလိုက်ရင်း ...

"မဟုတ်ဘူး ခင်၊ ခင် ... အဲလိုထင်ရင် သိပ်မှားသွားပြီ၊ သူက သူတစ်ပါးရဲ့ကြမ္မာဆိုးကို သူ့ရဲ့မေတ္တာစေတနာနဲ့ ပြောင်းလွဲယူခဲ့တဲ့လူ

www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်ပါ၊ သူ ပထမအကြိမ် ဆေးရုံကို ရောက်ခဲ့ခြင်းဟာ စပယ်ယာနဲ့ ခရီးသည်တစ်ယောက်ကို ကယ်တင်လို့ သူ ဒဏ်ရာအပြင်းအထန်ရပြီး ရောက်ခဲ့ရတယ်၊ သူ့ကို အားလုံးက သေပြီလို့ယူဆပြီး ရေခဲတိုက်ကို ပို့လိုက်ချိန်မှာပဲ သူ့ရဲ့ နှလုံးခုန်နှုန်းတွေ, သွေးခုန်နှုန်းတွေ ပုံမှန်အတိုင်း ပြန်ဖြစ်ခဲ့တယ်လို့ သူတို့ပြောခဲ့ကြတယ်၊ သူ့ကို ဆေးရုံအုပ်ကြီးကိုယ်တိုင် ဆေးရုံကမဆင်းဖို့ တားမြစ်ခဲ့ပေမယ့် သူက သတ္တဝါတွေကိုကယ်တင်ရမယ့်တာဝန်တွေ ရှိသေးတယ်ဆိုပြီး ဆေးရုံက ဆင်းသွားခဲ့တယ်၊ ရေခဲတိုက်ထဲရောက်ပြီးမှ အသက်ပြန်ရှင်ခဲ့တဲ့ ယောဂီအဘွားအိုရဲ့ ထူးဆန်းတဲ့ဖြစ်ရပ်ဟာ အဲဒီအချိန်က သူတို့မြို့လေးမှာ ဟိုးလေးတကျော် ဖြစ်ခဲ့ရတယ်၊ တချို့သောလူတွေက သူတော်စင်တစ်ယောက်ကိုမှ ကားနဲ့ တိုက်မိရ

ကောင်းလားဆိုပြီး ကိုယ့်ကိုရိုက်နှက်မယ် တကဲကဲ လုပ်ခဲ့ကြတယ်၊ ကိုယ်က ရည်ရွယ်ချက်မရှိပါဘဲ ကျူးလွန်မိတဲ့ ယာဉ်တိုက်မှုကြောင့် ယူကျုံးမရဖြစ်ခဲ့မိတယ်၊ ဒီထက်ပိုပြီး ထူးဆန်းတာက ခင်သိထားတဲ့အတိုင်း ကိုယ့်မိန်းမဟာ မီးတွင်းထဲမှာပဲ သေဆုံးခဲ့ရတယ်၊ ကိုယ့်ရဲ့သမီးလေးဟာ မွေးရာပါ ကိုယ်အင်္ဂါ ချို့တဲ့ခဲ့ရှာတယ်၊ ကိုယ်ဟာ သမီးလေးကို ရင်ထုမနာကြည့်ရင်း ယောဂီအဘွားအိုရဲ့မျက်နှာကိုပဲ မြင်ယောင်နေမိခဲ့တယ်၊ တိုက်ဆိုင်မှုလား, ဘာလားတော့မသိဘူး ... ယောဂီအဘွားအိုဟာ ညာဘက်လက် ကားဘီးအောက်ညပ်ပြီး သေဆုံးခဲ့ရသလို ကိုယ့်ရဲ့သမီးလေးမှာလည်း ညာဘက်လက် မရှိခဲ့ရှာဘူး"

လို့ ပြောလိုက်တဲ့အခါ ခင်မေဟာ မသိမသာ မျက်နှာမဲ့သွားတယ်။

www.burmeseclassic.com

"အယူမသီးပါနဲ့ အစ်ကိုကြီးရယ်၊ ဒါဟာ ... တိုက်ဆိုင်မှုတစ်ခုပါပဲ၊ ဒီလောက် မြင့်မြတ်တဲ့ သူတော်စင်တစ်ယောက်က လူဝင်စား ပြန်ဖြစ်နိုင်ပါ့မလား၊ အဘွားအိုဟာ ဝိဇ္ဇာလမ်းစဉ်ကို လိုက်သူဆိုရင် ထွက်ရပ်ပေါက်မှာပေါ့၊ ဝိပဿနာလမ်းစဉ်ကို ကျင့်ကြံသူဆိုရင်လည်း နတ်ပြည်ရောက်မှာပေါ့ ... မဟုတ်ဘူးလား"

တိုးမောင်က ခင်မေ့မျက်နှာကို စေ့စေ့ကြည့်ရင်း ...

"ကိုယ်ကတော့ ဒီလိုမထင်ဘူး ခင်၊ ဘာကြောင့်လဲဆိုတော့ ... ကိုယ့်သမီး သိမ်မွေ့ဟာ လမ်းလျှောက်တတ်တဲ့ အရွယ်ကတည်းက ရဟန်းသံဃာတွေတွေ့ရင် ဘယ်လိုနေရာပဲဖြစ်ဖြစ် ဦးချကန်တော့တတ်တယ်၊ သူများကလေးတွေ ဆော့ကစားနေချိန်မှာလည်း သူက ဘုရားရုပ်ပုံတွေပါတဲ့ စာအုပ်တွေကြား အချိန်ကုန်ဆုံးခဲ့ရတယ်၊ သူ့အသက် သုံးနှစ်အရွယ်မှာတော့



တခြား သုံးနှစ်ကလေးတွေနဲ့ မတူအောင် ဉာဏ်ရည်ထက်မြက်ခဲ့တယ်၊ အဲဒီအရွယ်ထဲက သန့်ရှင်းစင်ကြယ်တဲ့ အဖြူနဲ့အညိုရောင် ဝတ်စုံတွေကိုသာ သူ ရွေးချယ်ဝတ်ဆင်ခဲ့တယ်၊ သူ ငါးနှစ်အရွယ်တည်းက အခါကြီးရက်ကြီးတွေမှာ ဥပုသ်သီတင်းဆောက်ယူခဲ့တာ ဒီနေ့အချိန်ထိပါပဲ၊ ပြီးတော့ ... သူ့ရဲ့မွေးရာပါ ပါရမီထူးတစ်ခုက တချို့သောအကြောင်းအရာတွေကို ကြိုတင်သိမြင်နိုင်ခြင်းပါပဲ၊ အိပ်မက်နဲ့ဖြစ်ဖြစ် သူ့စိတ်အာရုံနဲ့ဖြစ်ဖြစ် သူ ကြိုသိမြင်ခဲ့ရတယ်၊ တစ်ခါက ကိုယ်ကုန်ပို့ခါနီးမှာ ကားဘီးတွေ ဘီးအသစ်မလဲနိုင်သေးတာနဲ့ ဒီအတိုင်း မောင်းသွားတာ လမ်းရောက်တော့ ကိုယ့်ကားဘီးပေါက်ပြီး တိမ်းမှောက်ခဲ့ရတယ်၊ ကံကောင်းထောက်မစွာပဲ ကိုယ် ဘာမှမထိခိုက်ခဲ့ပေမယ့် ကုန်တွေပျက်စီးသွားတဲ့အတွက် ပိုင်ရှင်ကို

www.burmeseclassic.com

www.burmeseclassic.com


လျှော်ကြေးတွေ အများကြီး ပေးခဲ့ရတယ် ခင်”

လို့ သိမ်မွေ့လေးနဲ့ပတ်သက်တဲ့ အကြောင်းတွေကို ရှင်းပြလိုက်တယ်။

ခင်မေက ချီးမွမ်းခန်းဖွင့်သံတွေကို ဆက်မကြားလိုတော့တာကြောင့် ...

“ကဲပါ အစ်ကိုကြီးရယ် ... အချိန်လည်း ကြည့်ဦးရှင့်၊ ဆယ့်နှစ်နာရီထိုးပြီးနေပြီ၊ သုံးနာရီ ထ,ရမှာ မဟုတ်လား၊ တစ်မှေးလောက် အိပ်လိုက်တော့နော်”

လို့ဆိုရင်း အိပ်ခန်းခန်းဆီးကို ပိတ်လိုက်တော့တယ်။

□□□

“ခင်မေ ဘာတွေလုပ်ဦးမှာလဲ?”

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၇)

နောက်တစ်နေ့မနက် . . .

သိမ်မွေ့တစ်ယောက် အိပ်ရာနိုးစဉ်မှာပဲ ခင်မေရဲ့ ဘီလူးကြိမ်း‌ကြိမ်းသံကို ကြားလိုက်ရတယ်။

"ဒီမယ် ဒုက္ခိတမလေး ... အခု အိမ်မှာ နင့်အဖေ မရှိဘူး၊ ဒီအချိန်ကစပြီး ငါ့စကားကို နားထောင်ရင်ထောင်၊ မဟုတ်လို့ကတော့ နင့်

www.burmeseclassic.com

www.burmeseclassic.com

ကို ဂျပန်ခေတ်တုန်းက ဂျပန်တွေ နှိပ်စက်သလို လုပ်ပြမယ်၊ သွားစမ်း ... ငါ့အခန်းထဲက အဝတ်ပုံကိုယူ၊ ပြီးရင် တစ်ထည်မကျန် ပြောင်အောင်လျှော်စမ်း”

မိထွေးဖြစ်သူရဲ့စကားကြောင့် သိမ်မွေ့လေးဟာ ကြောက်ရွံ့တကြီးအမူအရာနဲ့ ...

“အန်တီ ခိုင်းတာကို သိမ်မွေ့လုပ်ပေးချင်ပါတယ်၊ ဒါပေမဲ့ ... သိမ်, သိမ်မွေ့မှာ လက်တစ်ဖက်တည်း ရှိပါတယ်၊ ဘယ်လိုလုပ် အဝတ်လျှော်ရမလဲ အန်တီရယ်”

လို့ တုန်ယင်တဲ့အသံနဲ့ မေးလိုက်တဲ့အခါ ခင်မေ မျက်နှာထိ မျက်နှာထားနဲ့ ...

“ဒါတွေ ငါမသိဘူး၊ ငါခိုင်းတာကို နင်လုပ်ရမယ်၊ ဒီတစ်ခါ နင့်ကို ကြိမ်လုံးမကိုင်ဘူး၊ ရေနွေးပူနဲ့ နင့်မျက်နှာတစ်ခုလုံး စုတ်ပြတ်သွားအောင် လုပ်ပစ်မှာ၊ ဒီလောက် ကျက်သရေမရှိ



တဲ့ ဒုက္ခိတကိုများ ဒင်းဖအေက အမွှန်းတွေတင်ပြီး သူတော်ကောင်း ပြောချင်သေးတယ်၊ သွားလေ ... ဘာကြည့်နေတာလဲ၊ အဝတ်လျှော်ပြီးမှ နင် ထမင်းစားရမယ်”

လို့ အသံကျယ်ကြီးနဲ့ အော်လိုက်တယ်။

မိထွေးတော်ရဲ့ လူမဆန်တဲ့ ခိုင်းစေမှုကြောင့် သိမ်မွေ့လေးဟာ သိမ်ငယ်စိတ်များ လှိုက်တက်သွားရတယ်။

ဝမ်းနည်းစိတ်ကို မျိုသိပ်ကြိတ်မှိတ်ရင်း အဝတ်ခြင်းကို ဘရွတ်ဆွဲယူခဲ့တယ်။

အုတ်ကန်ကိုရောက်တော့ အဝတ်တွေကိုကြည့်ရင်း ဘယ်လိုလျှော်ရမှန်းမသိအောင် ဖြစ်သွားရတယ်။

လက်တစ်ဖက်တည်းနဲ့ ဘယ်လိုလုပ် ချေး (ချီး) ပြောင်အောင် လျှော်ရပါ့။

နောက်ဆုံး သိမ်မွေ့လေးဟာ ဘာမှမတွေးတော့ဘဲ ဇလုံထဲ ရေဖြည့်လိုက်တယ်။

ဆပ်ပြာမှုန့်တွေထည့်ပြီး အမြှုပ်ထအောင် မွှေလိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဆပ်ပြာမှုန့်နဲ့ အဝတ်တွေကို ခဏစိမ်ထားပြီးနောက် ခြေတစ်ဖက်နဲ့အဝတ်ကိုဖိရင်း လက်တစ်ဖက်တည်းနဲ့ ဘရပ်(ရှ်) ကိုင်တိုက်လိုက်တယ်။

သိမ်မွေ့လေးဟာ အချိန်ကြာမြင့်စွာ အဝတ်တွေကို ခဲရာ ခဲဆစ် လျှော်ဖွပ်ရရှာတယ်။

အဝတ်လျှော်ပြီးတဲ့အခါ ခြံထဲ အမှိုက်များ လှည်းကျင်းရ တယ်။

တစ်ခြံလုံး ပြောင်စင်အောင် ရှင်းလင်းပြီးချိန်မှာတော့ နေမွန်းလွဲနေချေပြီ။

ဝမ်းဗိုက်ထဲမှ တကြုတ်ကြုတ်ဆာလောင်မှုကြောင့် မီး ဖိုခန်းကို ပြေးသွားပြီး အုပ်ဆောင်းကို ဆွဲဖွင့်လိုက်တယ်။

ဒီအခါ အုပ်ဆောင်းထဲမှာ ငါးပိရည်ကျိုပန်းကန်လုံး တစ်ခုကိုသာ တွေ့လိုက်ရတယ်။

သူမရဲ့မျက်လုံးအကြည့်က ကြောင်အိမ်ဆီ ရောက်သွား ပြီး ကြည့်လိုက်တဲ့အခါ ကြက်ကြော်နဲ့ ငါးသလောက်ပေါင်း ပန်းကန်တွေကို တွေ့လိုက်ရတယ်။



ကြောင်အိမ်တံခါးကို သော့ခတ်ထားတဲ့အတွက် အခြေ အနေကို သူမ သဘောပေါက်သွားတယ်။

ဒါကြောင့် သူမ စားခွင့်ရှိတဲ့ ငါးပိရည်ကျိုနဲ့ ထမင်းကို နယ်ဖပ်ပြီး တရားအမှတ်နဲ့ တစ်လုပ်ချင်း စားလိုက်တယ်။

"အမယ်လေး ... အမယ်လေး ... နင့်ကိုယ် နင် ကမ္ဘာ့အချမ်းသာဆုံး သူဌေးသမီးများ မှတ် နေသလား၊ ထမင်းကို ဇိမ်ဆွဲစားမနေနဲ့၊ နင် လုပ်စရာတွေ အများကြီး ရှိသေးတယ်၊ စားစမ်း မြန်မြန်"

ခင်မေတစ်ယောက် မာန်မဲရင်း သိမ်မွေ့ခေါင်းကို ခေါက် ခနဲ ခေါက်လိုက်တယ်။

"မဟုတ်ရပါဘူး အန်တီရယ်၊ ဇိမ်ဆွဲပြီး စား တာ မဟုတ်ရပါဘူး၊ တရားအမှတ်နဲ့ စားရတာ ပါ"

သိမ်မွေ့ရဲ့ဖြေရှင်းချက်ကို ခင်မေက လက်မခံဘဲ ...

"တော်စမ်း ... ငါ နင့်အဖေလို သောက်ရူး

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး၊ လူအထင်ကြီးအောင် လုပ်ပြမနေ

နဲ့ ဘုရားဖြစ်မယ့် အုတ်နီခဲမရဲ့၊ မရဘူး ...

မရဘူး ... နောက်ဆို နင့်ကို အချိန်သတ်မှတ်မှ

ရတော့မယ်၊ စားပြီးတာနဲ့ ခြံပြင်ထွက်ပြီး ထင်း

ခြောက်သွားကောက်၊ ထင်းကောက်ရင်း

ကမြင်းကြောထဖို့ မကြိုးစားနဲ့၊ ငါ အချိန်မှတ်

ထားမယ် ... ကြားလား"

လို့ အမိန့်ပေးခိုင်းစေပြီး ချာခနဲလှည့်ထွက်သွားတယ်။

သိမ်မွေ့တစ်ယောက် ထမင်းကိုပင် တရားအမှတ်နဲ့

မစားနိုင်ရှာတော့။

ပါးစပ်ထဲ သိမ်းကျုံးထည့်ရင်း ထင်းခြောက်ရှာဖို့ ပြင်

ရတယ်။

အချိန်မှတ်ထားမယ်ဆိုတော့ ... သတ်မှတ်ချိန်ထက်

ကြာပါက အရိုက်အနှက်ခံရဦးမည် မဟုတ်ပါလား။

ဒါကြောင့် ခြံပြင်ကို ခပ်သုတ်သုတ် ထွက်ခဲ့မိတယ်။

ခြစ်ခြစ်တောက် ပူပြင်းလွန်းတဲ့ နေရောင်အောက် သိမ်



မွေ့လေးဟာ တောင်စောင်းလေးအတိုင်းဆင်းပြီး ထင်းတွေကို

ရှာဖွေရတယ်။

ပင်အိုခြောက်ကြီးတစ်ပင်အောက် ရောက်တဲ့အခါ သူမ

ခမ်းသာအားရ ဖြစ်သွားတယ်။

အပင်ကနေ ကျိုးကျနေတဲ့ သစ်ကိုင်းခြောက်တွေဟာ

အပင်ရဲ့အောက်ခြေမှာ ဒုနဲ့ဒေး။

သူမဟာ အသင့်ယူလာတဲ့ ပုဆိုးစုတ်လေးကို ဖြန့်ခင်း

လိုက်တယ်။

ပြီးတော့ ... သစ်ကိုင်းခြောက်တွေကို လိုက်ကောက်ပြီး

ပုဆိုးစပေါ် စုပုံထားလိုက်တယ်။

ဒီအချိန်မှာပဲ သူမရဲ့ နောက်ကျောဆီမှ ...

"ဒီနေရာမှာ ထင်းမကောက်ပါနဲ့ ကလေးမ၊

ဒီနေရာဟာ လူတွေလာသင့်တဲ့နေရာ မဟုတ်

ဘူး၊ မင်း ခုချက်ချင်း ထင်းတွေကို ထားရစ်ပြီး

ပြန်လိုက်ပါ ကလေးမ"

အောရှရှအသံကြောင့် သိမ်မွေ့လေးဟာ နောက်ကို တအံ့

www.burmeseclassic.com

www.burmeseclassic.com



တသြ လှည့်ကြည့်မိတယ်။

ဒီအခါမှာ အညိုရောင်ဝတ်စုံ ဆင်မြန်းထားတဲ့ လွန်စွာ အိုမင်းနေတဲ့ အဘွားအိုတစ်ဦးကို မြင်လိုက်ရတယ်။

အဘွားအိုက ဝါးတောင်ဝှေးကို အားပြုထောက်ရင်း သူမနဲ့ မျက်နှာချင်းဆိုင်ကို လျှောက်လာတယ်။

အဘွားအိုရဲ့မျက်လုံးတွေဟာ သူမကို ထွင်းဖောက်ကြည့်နေသလို ခံစားလိုက်ရတယ်။

"ဟုတ်ကဲ့ပါ အဘွား ... သိမ်မွေ့မသိလို့ ကောက်မိတာပါရှင့်၊ ထင်းတွေကို ပြန်ထားခဲ့ပေးပါ့မယ်၊ ဒါနဲ့ ... ဒီနေရာမှာ ဘာလို့ ထင်း မကောက်ရလဲဆိုတာ ရှင်းပြပါလား အဘွားရှယ်"

သိမ်မွေ့လေးရဲ့အမေးကြောင့် အဘွားအိုက စိတ်မသက်မသာနဲ့ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်တယ်။

ပြီးတော့ ...

"သိချိန်တန်ရင် သိရမှာပေါ့ ကလေးမရယ်၊



လောကမှာ အချိန်မကျရင် ဘာမှဖြစ်လာမှာ မဟုတ်ဘူး၊ အချိန်ကျရောက်လာရင်လည်း ရှောင်လွှဲလို့မရနိုင်ဘူး၊ ဒါဟာ သဘာဝ လောကကြီးရဲ့ ပညတ်ချက်တစ်ရပ်ပါပဲ၊ ကဲ ... ကဲ ... တခြားနေရာမှာပဲ ထင်းသွားကောက်ချည်တော့"

အဘွားအိုရဲ့စကားကြောင့် သိမ်မွေ့လေးဟာ ပုဆိုးစုတ်လေးကို ဆွဲယူလိုက်တယ်။

ပြီးတော့ အဘွားအိုရဲ့ရှေ့ကနေ ခေါင်းညွတ်ရင်း ဖြတ်လျှောက်ခဲ့တယ်။

ခပ်လှမ်းလှမ်းနေရာရောက်တော့ သစ်ခြောက်ပင်ကြီးကို နောက်ပြန်လှည့်ကြည့်မိတယ်။

ဒါပေမဲ့ ဝါးတောင်ဝှေးနဲ့ အဘွားအိုကို လုံးဝမတွေ့ရတော့ဘူး။

သိမ်မွေ့လေးဟာ စိတ်ထဲ ဇဝေဇဝါဖြစ်သွားပြီး ...

"ဟင် ... အချိန်ခဏလေးအတွင်းမှာ

www.burmeseclassic.com

www.burmeseclassic.com

အဘွားအို ဘယ်ပျောက်သွားပါလိမ့်၊ တကယ်ဆို သစ်ပင်အောက်က သူထွက်သွားရင်တောင် သူ့နောက်ကျောကို ငါ မြင်ရနိုင်သေးတယ်၊ ခုတော့ .. အရိပ်အယောင်တောင် မမြင်ရတာ သိပ်ထူးဆန်းနေတယ်”

❒ ❒ ❒

“သိမ်မွေ့တွေ့ခဲ့တဲ့ အဘွားအိုဟာ ဘယ်သူလဲ?”

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၈)

ထိုနေ့ည မိုးစုံးစုံးချုပ်ချိန် . . .

သိမ်မွေ့တစ်ယောက် ခင်မေ စားသောက်ထားတဲ့ အပေပန်းကန်တွေ ဆေးကြောနေချိန်မှာပဲ 'ဖြုန်း' ... ဆို လျှပ်စစ်မီးများ ပြတ်တောက်သွားတယ်။

မီးပြတ်သွားတဲ့အတွက် ခင်မေရဲ့ ငှက်ဆိုးထိုးသံက ကျယ်လောင်စွာ ထွက်ပေါ်လာပြီး ...

www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ ဒုက္ခိတမလေး ... မီးပြတ်သွားတာ နင် မသိဘူးလား၊ လာစမ်း ... ငါ့ကို ဖယောင်းတိုင် ထွန်းပေးစမ်း"

"ဟုတ်ကဲ့ ... လာပါပြီ အန်တီ၊ လာပါပြီရှင်"

သူမ ထိုသို့အသံပြုရင်း ဖယောင်းတိုင်ကို အပြေးအလွှားရှာရတယ်။

ကိုယ်တိုင် ဖယောင်းတိုင်ထွန်းညှိဖို့ မဖြစ်နိုင်တဲ့အတွက် ခင်မေထံ သွားပေးလိုက်တယ်။

ခင်မေက ဖယောင်းတိုင်နဲ့ မီးခြစ်ကို ဆတ်ခနဲ ဆွဲယူလိုက်ရင်း ...

"နင့်လို ဒုက္ခိတတွေဟာ ဘယ်နေရာမှာမှ သုံးစားလို့မရဘူး၊ တကယ့် ဆန်ကုန်မြေလေးတွေ၊ နင်တို့လိုလူတွေရှိနေတာ လူ့လောကကို ကျက်သရေယုတ်တယ်"

လို့ မဆီမဆိုင် ပြောဆိုလိုက်တယ်။



သိမ်မွေ့လေးဟာ ခင်မေ့ဆီက ဖယောင်းတိုင်တစ်တိုင်တောင်းပြီး ပန်းကန်တွေကို ဆက်ဆေးနေလိုက်တယ်။

ပန်းကန်ဆေးပြီးတဲ့အခါ တစ်နေ့တာဝတ္တရားရဲ့ နောက်ဆုံးဖြစ်တဲ့ ခင်မေ့အတွက်အိပ်ရာကို သန့်ရှင်းရေးပြုလုပ်ပေးရတယ်။

အလုံးစုံပြီးတော့မှ သူမ အိပ်ရာကို ဝင်ခွင့်ရခဲ့တယ်။

သိမ်မွေ့လေးဟာ ဘုရားရှိခိုး မေတ္တာပို့ပြီး အိပ်ရာပေါ် လှဲချလိုက်တယ်။

ဒီအခါမှာ ဘာကြောင့်မှန်းမသိဘဲ သူမရင်ထဲ ထိတ်ခနဲဖြစ်သွားတယ်။

"ဟင် ... ငါ့စိတ်တွေ အလိုလို လေးလံနေပါလား၊ ဘာကြောင့်ပါလိမ့်"

အတွေးနဲ့အတူ သိမ်မွေ့လေးဟာ ရင်ဘတ်ပေါ်စောင်ဖိရင်း အိပ်စက်ဖို့ ပြင်လိုက်တယ်။

ဒီအချိန်မှာပဲ ... တဒုန်းဒုန်း ... တဒိုင်းဒိုင်း အသံတွေကို ကြားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



အသံတွေကြောင့် ခင်မေနဲ့သိမ်မွေ့တို့ဟာ အခန်းပြတင်းပေါက် ကိုယ်စီကနေ ချောင်းကြည့်လိုက်ကြတယ်။

ဒီအခါ ခြံတံခါးကို တဒုန်းဒုန်းကန်ကျောက်နေတဲ့ လူအုပ်ကြီးကို တွေ့ရသလို ... သူတို့ရဲ့လက်မှာ မီးတုတ်ကိုယ်စီ ကိုင်ထားတာကိုပါ တွေ့ရတယ်။

ခင်မေတစ်ယောက် ခေါင်းနားပန်းကြီးသွားပြီး လက်နှိပ်ဓာတ်မီးကို ကောက်ကိုင်လိုက်တယ်။

မြန်ဆန်တဲ့ ခြေလှမ်းနဲ့ အိမ်တံခါးဖွင့်ပြီး ခြံထဲလျှောက်သွားတယ်။

"တံခါးဖွင့်စမ်း ... တံခါးဖွင့်စမ်းဟေ့"

လူအုပ်ကြီးရဲ့အော်ဟစ်သံကြောင့် ခင်မေက ခြံတံခါးရှိရာ ပြေးသွားရင်း ...

"ရှင်တို့ ဘယ်သူတွေလဲ၊ ဘာကြောင့် ခြံတံခါးကို ထုနက်နေရတာလဲ"

လို့ ဒေါသတကြီး အော်ဟစ်မေးလိုက်တယ်။

"ကျုပ်တို့လာတာ ခင်ဗျားအိမ်မှာရှိနေတဲ့





မကောင်းဆိုးဝါးကို နှင်ထုတ်ဖို့ လာတာဗျ၊ ဘယ်မလဲ မကောင်းဆိုးဝါး၊ ကျုပ်တို့ကို ထုတ်ပေးပါ၊ မထုတ်လို့ကတော့ တံခါးကို ရိုက်ချိုးပစ်လိုက်မယ်၊ ဘာမှတ်သလဲ"

ရွာသားတွေရဲ့အပြောကြောင့် ခင်မေဟာ မျက်လုံးပြူးသွားပြီး ...

"ဘာရှင့် ... ကျွန်မတို့က ဘုရားတရားနဲ့နေကြတာ၊ ရှင်တို့ မှားနေပြီ၊ ဒီအိမ်မှာ ဘာမကောင်းဆိုးဝါးမှ မရှိဘူး"

လို့ ပြန်လည်အော်ဟစ်လိုက်တယ်။

ရွာသားတွေဟာ မီးတုတ်တကိုင်ကိုင်နဲ့ ဟန်ရေးပြရင်း–

"ခင်ဗျားတို့ အိမ်က လက်တစ်ဖက်ပြတ်နေတဲ့ ဒုက္ခိတလေးဟာ မကောင်းဆိုးဝါး မဟုတ်လို့ ဘာဖြစ်ရမှာလဲ၊ ဒင်းဟာ ကျုပ်တို့ ရွာထဲဝင်ပြီး နိမိတ်မရှိတဲ့စကားတွေကို ပြောဆိုခဲ့တယ်၊ ကျုပ်တို့ရွာမှာ မီးလောင်မှုဖြစ်တာ ဒင်း

www.burmeseclassic.com

www.burmeseclassic.com


ကြောင့်ပဲဗျ၊ သူ့ရဲ့ နှုတ်စီးပြီးပြောတဲ့ စကားကြောင့် ဖြစ်ရတာဗျ၊ ကျုပ်တို့ဟာ နိမိတ်ဆိုးကို သယ်ဆောင်လာရင် လူကြီးဖြစ်ဖြစ်, ကလေးဖြစ်ဖြစ် ထိုက်သင့်တဲ့အပြစ်ဒဏ် ပေးတတ်တာ ကျုပ်တို့ရွာရဲ့ အစဉ်အလာပဲ၊ ဒါကြောင့် ... မကောင်းဆိုးဝါးမလေးကို ကျုပ်တို့လက် အပ်ပါ၊ မအပ်ရင်တော့ ခင်ဗျားတို့အိမ်ကို မီးရှို့ဖျက်ဆီးပစ်ရမယ်"

လို့ ကြုံးဝါးလိုက်တယ်။

ခင်မေဟာ သွေးဆူနေတဲ့ ရွာသားတွေကိုကြည့်ပြီး ကျိတ်ဝမ်းသာသွားတယ်။

သူမ မျက်မှန်းကျိုးတဲ့ သိမ်မွေ့တစ်ယောက် ဒုက္ခအကြီးအကျယ်ရောက်ပြီ မဟုတ်ပါလား။

ဒါကြောင့် ...

"အမယ်လေး အိမ်ကိုတော့ မီးလောင်တိုက်မသွင်းပါနဲ့ရှင်၊ ဟိုအကုသိုလ်မကိုပဲ ခေါ်သွားကြပါ၊ အိမ်ထဲမှာ ရှိပါတယ်ရှင်၊ ရှင်တို့ကိုယ်တိုင် ဝင်ပြီး ခေါ်သွားကြပါ"

အခြေအနေအားလုံးကို မြင်တွေ့နေရတဲ့ သိမ်မွေ့လေးဟာ မိထွေးတော်ရဲ့စကားကြောင့် အကြီးအကျယ် ထိတ်လန့်သွားရတယ်။

ဒါကြောင့် အခြေအနေမဟန်မှန်း ရိပ်စားမိသွားပြီး နောက်ဖေးတံခါးပေါက်ကနေ ထွက်ပြေးသွားတော့တယ်။

❐❐❐


www.burmeseclassic.com

www.burmeseclassic.com

"သိမ်မွေ့လေး - - -ဘာဆက်ဖြစ်မလဲ?"

# အပိုင်း (၁၉)

www.burmeseclassic.com

www.burmeseclassic.com

## (၅၀) အပိုင်း

**ရွာသားအုပ်ကြီးဟာ** ဌာသံပေးရင်း အိမ်ထဲ[...]
ပြေးဝင်ခဲ့ကြတယ်။

အိမ်အနှံ့ လှည့်ပတ်ရှာကြပေမယ့် သိမ်မွေ့ရဲ့အ[...]
တောင် မမြင်ရတဲ့အခါ ...

"ဘယ်မလဲဗျ ... ခင်ဗျား မကောင်းဆိုးဝါးမ



လေးကို ဖွက်လိုက်ပြီး မဟုတ်လား၊ ကျုပ်တို့ သည်းခံနိုင်တဲ့ အတိုင်းအတာလွန်ရင် ခင်ဗျား ကိုပါ အပြတ်ရှင်းပစ်လိုက်မယ်၊ ဘာမှတ်သလဲ"

ဓားမကြီးဝှဲပြီး ကြွေးကြော်လိုက်တဲ့ လူတစ်ယောက်ကြောင့် ခင်မေဟာ လန့်ဖျပ်သွားပြီး ...

"ဒီ ... ဒီလိုတော့ မလုပ်ကြပါနဲ့ရှင်၊ ဟို ... ဟိုမှာ နောက်ဖေးတံခါးပေါက်ကြီး ပွင့်နေတယ်၊ ဒီကောင်မလေး ထွက်ပြေးသွားပြီ ထင်တယ်"

လို့ ပြောလိုက်တဲ့အခါ ရွာသားတွေဟာ ဟ,နေတဲ့ နောက်ဖေးတံခါးဆီ အကြည့်ရောက်သွားကြတယ်။

"ဟုတ်တယ်ဟေ့ ... မကောင်းဆိုးဝါးမလေး ထွက်ပြေးသွားတာ ဖြစ်နိုင်တယ်၊ လိုက်ကြစမ်း ... လိုက်ကြဟေ့"

ဌာသံပေးသံတွေ ညံညံစီသွားပြီး ရွာသားတစ်အုပ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေးပေါက်ကတစ်ဆင့် တောလမ်းလေးအတိုင်း ပြေး
လိုက်သွားကြတယ်။

ခင်မေဟာ နောက်ဖေးပေါက်အပြင်ရှိ မြက်ရိုင်းပင်တွေ
ကြား ရပ်ကြည့်ရင်း ...

"ဟင်း ဟင်း ဟင်း ... အယူသီးတဲ့ ရွာသား
တွေနဲ့ ဟိုကောင်မ တွေ့ရင်တော့ ပွဲကြီးပွဲ
ကောင်းပဲ၊ ကောင်းတယ် ... ဒီဒုက္ခိတ,မရှိမှ
အစ်ကိုကြီးရဲ့ ပိုင်ဆိုင်မှုအားလုံးကို ငါ တစ်
ယောက်တည်း ရမှာ ... ဟင်း ဟင်း ဟင်း
ဟင်း"

လို့ ကောက်ကျစ်စွာ တွေးလိုက်တယ်။

ဒီအချိန်မှာပဲ မြွေပွေးတစ်ကောင်ဟာ မြက်ရိုင်းပင်တွေ
ကြားက ဖြတ်သွားတယ်။

ခင်မေတစ်ယောက် နောက်လှည့်ပြီး အိမ်ထဲဝင်ဖို့ ပြင်
လိုက်စဉ်မှာပဲ မြွေရဲ့ရှေ့က ကာဆီးသလို ဖြစ်သွားတယ်။

မြွေပွေးက သူ့အရှေ့ ကျရောက်လာတဲ့ ရန်သူရဲ့ခြေ

ထောက်ကို ပါးပြင်ထောင်လျက် အားကုန်ပေါက်ချလိုက်တော့
တယ်။

ခင်မေရဲ့ 'အား' ...ခနဲ အော်ဟစ်သံကြီးက အမှောင်ထု
ကို ဖုံးလွှမ်းသွားတော့တယ်။

ဒီအချိန် သိမ်မွေ့လေးဟာ တောကြီးမျက်မည်းထဲ စမ်း
တဝါးဝါး ပြေးလွှားနေမိတယ်။

သူမနောက်မှ ကြွေးသံပေးလိုက်လာတဲ့ လူသံတွေနဲ့အတူ
တရိပ်ရိပ်ပြေးနေတဲ့ မီးရောင်လဲ့လဲ့ကိုပါ မြင်လိုက်ရတယ်။

"ဘုရား ... ဘုရား ... ဒီလူကြီးတွေ ငါ့
နောက်ကို အသည်းအသန် လိုက်လာကြပါ
လား၊ ငါ ဘာလုပ်ရမလဲ၊ ဒီအတိုင်း ပြေးနေ
လို့ကတော့ သူတို့လက်က လွတ်မှာမဟုတ်ဘူး၊
ဘာလုပ်ရမလဲ ... ဘာလုပ်ရမလဲ"

သိမ်မွေ့လေးဟာ အတွေးနဲ့အတူ နောက်လှည့်ကြည့်
ပြေးရင်း သူမ ထင်းကောက်ခဲ့တဲ့ သစ်ခေါက်ပင်ကြီးအောက်
ရောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီအချိန်မှာပဲ သစ်ငုတ်တစ်ခုနဲ့ ခလုတ်တိုက်မိပြီး အရှိန်ပြင်းစွာ မြေပေါ် မှောက်လျက်ထိုး လဲကျသွားရှာတယ်။

သူမ အကျမတော်တဲ့အတွက် ကျောက်တုံးတစ်ထုံးနဲ့ ဆောင့်မိပြီး မထနိုင်အောင်ဖြစ်သွားတယ်။

ခေါင်းတစ်ခုလုံး ချာချာလည်သလို ခံစားလိုက်ရပြီး တဒင်္ဂအတွင်းမှာပဲ အမြင်အာရုံထဲ အမှောင်ထု ဖုံးလွှမ်းသွားတော့တယ်။

❒❒❒

"သိမ်မွေ့တစ်ယောတ် · · ·ရှာသားတွေရဲ့လတ်တလွတ်ပါ့မလား?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၀)

**သိမ်မွေ့တစ်ယောက်** တဆစ်ဆစ်နာကျင်နေတဲ့ ခေါင်းကို လက်နဲ့ဖိရင်း စုတ်သပ်ကာ ညည်းညူလိုက်မိတယ်။

ဝိုးတဝါးမျက်လုံးတွေကို အားစိုက်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်မိတယ်။

နှာခေါင်းထဲ တိုးဝင်လာတဲ့ စိမ်းရွှေရွှေအနံ့ကြီးနဲ့အတူ

www.burmeseclassic.com

www.burmeseclassic.com



သူမ အိပ်ခန်းတစ်ခုထဲ ရောက်နေတာ သိလိုက်ရတယ်။

မလင်းတလင်းဖြစ်နေတဲ့ ကညင်ဆီမီးတိုင်ရဲ့ အလင်းအောက် အခန်းတစ်ခုလုံးကို အထိတ်တလန့် ကြည့်လိုက်မိတယ်။

ဒီအချိန်မှာပဲ ...

"ညည်း ... သတိရပြီလား မအိုစာ၊ ဒီနေ့ရာကို ညည်းပြန်ရောက်ဖို့အတွက် ငါတို့တွေ နှစ်တွေအကြာကြီး စောင့်စားခဲ့ရတယ်"

အောရှရှအသံကြောင့် သိမ်မွေ့လေးဟာ တံခါးဝကို ဖျတ်ခနဲ လှမ်းကြည့်လိုက်မိတယ်။

ဒီအခါ အညိုဝတ်စုံနဲ့ အဘွားအိုတစ်ဦးဟာ တောင်ဝှေးကို အားပြုထောက်ရင်း သူမရှိရာ လျှောက်လာတယ်။

"သမီးက မသိမ်မွေ့ပါ အဘွား၊ အဘွား လူမှားနေပါပြီ၊ သမီး အခု ဘယ်ရောက်နေလဲ ဆိုတာ အဘွားပြောပြပါ"

သိမ်မွေ့ရဲ့အမေးကြောင့် အဘွားအိုက အိပ်ရာဘေး ဝင်ထိုင်ရင်း ...

"ငါတို့ရဲ့လမ်းစဉ်ဟာ ... သတ္တဝါကယ်သာသနာပြုပေမယ့် လူတိုင်းဟာ မေတ္တာတရားနဲ့ မထိုက်တန်ဘူး မအိုစာ၊ တစ်ချိန်က နင်ဟာ ခုနစ်ရက်သားသမီးတွေရဲ့အသက်ကို နင့်အသက်စွန့်ပြီး ကယ်တင်ခဲ့တယ်၊ နင့်ရဲ့ လစ်ဟာနေတဲ့ ညာဘက်လက်ဟာ ခုနစ်ရက်သားသမီးတွေအတွက် ပေးဆပ်ခဲ့ရပြီ မဟုတ်လား၊ အခု ... သိမ်မွေ့ဆိုတဲ့ဘဝမှာလည်း လူတွေကို ကယ်တင်လိုတဲ့စိတ်ကြောင့် ရွာသားတွေရဲ့ လိုက်လံဖမ်းဆီးခြင်းကို ခံရပြန်ပြီ၊ လူတိုင်းဟာ မေတ္တာတရားနဲ့ မအပ်စပ်ဘူးဆိုတာ နင် နားလည်သင့်ပြီ မအိုစာ"

လို့ ပြောလိုက်တဲ့အခါ သိမ်မွေ့က အဘွားအိုကို ကြေးငေးကြည့်ရင်း ...

"အဘွားပြောတာတွေ သမီး ... ဘာတစ်ခုမှ

www.burmeseclassic.com


နားမလည်ဘူး အဘွားရယ်”

လို့ ညည်းညူလိုက်မိတယ်။

အဘွားအိုက သူမကို ငေးစိုက်ကြည့်ရင်း …

“ခုချိန်မှာ ညည်းက ခုနစ်နှစ်ဆိုတဲ့ ကလေး အရွယ်ပဲ ရှိသေးတာကို မအိုစာ၊ ဒီကိစ္စတွေကို ညည်းနားလည်ဖို့ မလိုဘူး၊ ငါတို့ဆီပြန်ရောက် လာတဲ့အတွက် ငါဝမ်းသာတယ်၊ ကဲ … ညည်း ငါနဲ့လိုက်ခဲ့ပေတော့”

လို့ ပြောလာတယ်။

ပြီးတဲ့အခါ အဘွားအိုဦးဆောင်ပြီး အခန်းအပြင်ဘက် ထွက်သွားတယ်။

သိမ်မွေ့လေးဟာ ဘုမသိဘမသိနဲ့ဘဲ အဘွားအိုနောက် လိုက်ပါခဲ့တယ်။

အဘွားအိုရဲ့ အိမ်အပြင်ဘက်မှာတော့ ပတ်ဝန်းကျင် တစ်ခုလုံး အမှောင်ထုကြီးစိုးနေတာ တွေ့ရတယ်။

သိမ်မွေ့လေးက ပတ်ဝန်းကျင်ကို မျက်လုံးဖွေ့ကြည့်



ရင်း …

“အဘွားတို့ ရွာနာမည်က ဘယ်လိုခေါ်လဲ”

လို့ မေးလိုက်တဲ့အခါ အဘွားအိုက …

“ငါတို့ရွာဟာ ဝိဇ္ဇာလမ်းစဉ်ကို လိုက်နာ ကျင့်ကြံတဲ့ ပုဂ္ဂိုလ်ထူး သူတော်ကောင်းတွေ ပျော်မွေ့တဲ့ ‘မှော်ဝိဇ္ဇာ’ ရွာဖြစ်တယ်”

လို့ ဖြေရင်း ဆက်လျှောက်သွားတယ်။

အဘွားအို ခေါ်ဆောင်သွားတဲ့ လမ်းတစ်လျှောက် ကြည့်မိတဲ့အခါ လူနေအိမ်ဟူ၍ မရှိဘဲ လူတစ်ယောက်နေသာရုံ ခြေတံရှည်ဝါးတဲလေးတွေကိုသာ တွေ့ရတယ်။

အတန်ကြာအောင် လျှောက်သွားပြီးတဲ့အခါ လမ်းဟူ၍ မရှိတော့ဘဲ အလွန်ကြီးမားတဲ့ ခြံတံခါးကြီးတစ်ခုကိုသာ တွေ့ရ တယ်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

"သိမ်မွေ့ . . . ဘယ်ရောက်သွားမှာလဲ?"

# အပိုင်း (၂၁)

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရတယ်။

အဘွားအိုက အိမ်မည်းကြီးရဲ့တံခါးကို တွန်းဖွင့်ဝင်လိုက်တယ်။

အိမ်မည်းကြီးရဲ့အထဲမှာတော့ နံရံပတ်လည် ထွန်းညှိထားတဲ့ ကညင်ဆီမီးတိုင်တွေကို တွေ့ရပြန်တယ်။

အတွင်းပိုင်းတစ်ခုလုံး ဘာပစ္စည်းမှမရှိဘဲ ပြောင်ရှင်းနေတယ်။

အဘွားအိုက ကျွန်းလှေကားကြီးအတိုင်း အပေါ်ထပ်ကို တက်သွားပြန်တယ်။

အပေါ်ထပ်ရောက်တော့ အိပ်ခန်းတစ်ခန်းရှေ့ရပ်နေတဲ့ မျက်နှာပေါက်ဆိုးဆိုး မိန်းမကြီးတစ်ယောက်ကို တွေ့ရတယ်။

အဲဒီမိန်းမကြီးက သိမ်မွေ့လေးကို စူးစိုက်ကြည့်လိုက်တယ်။

ပြီးတော့ ...

မျက်နှာထားတင်းတင်းနဲ့ အခန်းတံခါးကို ဖွင့်ပေးတယ်။

ခြံတံခါးရှေ့ ရောက်တဲ့အခါ မီးရောင်လဲ့လဲ့လင်းနေတဲ့ နှစ်ဆောင်ပြိုင်အိမ်မည်းကြီးတစ်လုံးကို တွေ့ရတယ်။

အဘွားအိုက သူမကို အိမ်မည်းကြီးဆီ ခေါ်ဆောင်သွားတယ်။

ဒီအချိန်မှာပဲ ကျီးနက်တွေရဲ့ စူးစူးဝါးဝါး ထိုးအော်သံ

www.burmeseclassic.com

www.burmeseclassic.com



အတွင်းခန်းတစ်ခုလုံး မှိန်ဖျော့ဖျော့အလင်းရောင်နဲ့ နံ့သာနံ့က ကြီးစိုးထားတယ်။

အခန်းထောင့်ရှိ ကြေးခုတင်ကြီးပေါ်မှာတော့ လူတစ်ယောက် လဲလျောင်းနေတာ တွေ့ရတယ်။

အဘွားအိုက ခုတင်အနီး လျှောက်သွားပြီး ...

"မအိုစာ ... ပြန်လာပါပြီ ဆရာမကြီး"

လို့ ခါးညွတ်ပြောလိုက်တဲ့အခါ လဲနေသူဟာ အသက်ကိုးဆယ်အရွယ် အဘွားကြီးတစ်ယောက်ဖြစ်ကြောင်း တွေ့ရပြန်တယ်။

အိပ်ရာထဲ လဲနေတဲ့ အဘွားအိုဟာ မျက်လုံးပွင့်လာပြီး ...

"မအိုစာ ... ညည်း ငါတို့ဆီကို ရောက်လာပြီပေါ့"

လို့ လေသံတီးတိုး ပြောလာတယ်။

ဒီအခါမှာ သိမ်မွေ့ကို ခေါ်လာတဲ့ အဘွားအိုက ...

"မအိုစာကို ကျွန်မတို့ အခု ကြုံတွေ့နေရတဲ့ အန္တရာယ်ဆိုးကြီးကို ပြောပြချင်တယ် ဆရာမကြီး၊ ဆရာမကြီး ခွင့်ပြုပေးပါ"

လို့ ပြောလိုက်တဲ့အခါ အိပ်ရာထဲလဲနေတဲ့ အဘွားအိုက သိမ်မွေ့လေးရဲ့လက်ကို ဆုပ်ကိုင်လိုက်ရင်း ...

"ပြောပြရမှာပေါ့ မယ်ခြိုရယ်၊ မော်ဝိဇ္ဇာမှာ မအိုစာဟာ မေတ္တာတရား အကြီးမားဆုံး လူတစ်ယောက်ပဲ၊ တို့တွေရဲ့နောက်ဆုံးအခြေအနေကို သူသိသင့်ပါတယ်"

လို့ တုန်ယင်တဲ့အသံနဲ့ ဆိုလိုက်တယ်။

မယ်ခြိုဆိုတဲ့ အဘွားအိုက ခါးညွတ်အရိုအသေပြုရင်း

"ဒါဆို ... ကျွန်မတို့ကို ခွင့်ပြုပါဦး ဆရာမကြီး၊ ဆရာမကြီး ကျန်းမာအောင်နေပါ၊ ရက်က သိပ်နီးနေပြီ မဟုတ်လား"

လို့ ပြောလိုက်တဲ့အခါ ဆရာမကြီးဆိုတဲ့ အဘွားအိုက ခေါင်းကို ခပ်လေးလေးညိတ်လိုက်ရင်း ...

"ဟုတ်တယ် မယ်ခြို၊ ရက်က ကပ်နေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန် မအိုစာရောက်လာတာ ငါတို့အတွက်

အားဆေးလိုပါပဲ၊ ကဲ ကဲ ... မအိုစာကို ခေါ်

သွားပါ"

လို့ ပြောလိုက်တယ်။

ဒီနောက်မှာတော့ ...

အဘွားမယ်ခြိုဟာ သိမ်မွှေ့လေးကို ခေါ်ပြီး အိမ်မည်း

ကြီးကနေ ထွက်ခွာခဲ့တော့တယ်။

မယ်ခြိုရဲ့နေရာကို ပြန်ရောက်တဲ့အခါ သိမ်မွှေ့လေးက

"အဘွား ... အဘွားတို့ပြောတဲ့စကားတွေ

သမီး ဘာမှနားမလည်ဘူး၊ အဘွားတို့ရွာမှာ

ဘာတွေဖြစ်နေလို့လဲဟင်"

လို့ မေးလိုက်တဲ့အခါ မယ်ခြိုက သိမ်မွှေ့အတွက်

သစ်သီးတွေ ချပေးရင်း ...

"ညည်းက ဘဝပြောင်းသွားတော့ မော်ဝိဇ္ဇာ

နဲ့ ပတ်သက်တဲ့အကြောင်းတွေ ဘာတစ်ခုမှ

မှတ်မိတော့မှာ မဟုတ်ဘူး၊ ဒီတော့ ငါတို့

မော်ဝိဇ္ဇာရဲ့အကြောင်းကို အကျဉ်းချုံးပြီး ပြောပြ

မယ်၊ သေချာနားထောင်ပေတော့"

လို့ အစချီလိုက်တော့တယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

"မယ်ခြုံထ ဘာတွေပြောမှာလဲ?"

# အပိုင်း (၂၂)

www.burmeseclassic.com

www.burmeseclassic.com

“ဇော်ဂီရွာမှာရှိတဲ့ ယောဂီတွေအားလုံးဟာ အသေထွက်, ထွက်ရပ်ပေါက် ရဟန္တာ ဆရာတော်ဘုရားကြီး ဦးပညာစာရရဲ့ တပည့်သမီးတွေသာ ဖြစ်တယ်၊ ဆရာတော်ဘုရားကြီးဟာ ဝိဇ္ဇာဘုန်းကြီးတစ်ပါးဖြစ်သလို ဝိဇ္ဇာ



အရှင်မြတ်တွေ တပ်အပ်တဲ့ အဋ္ဌာရသဆယ့်ရှစ်ရပ် ပညာရပ်တွေကို ပေါက်မြောက်အောင်မြင်အောင် ကျင့်ကြံနိုင်ခဲ့တဲ့ ရဟန်းပုဂ္ဂိုလ်ထူး တစ်ပါးပါ၊ ဒါပေမဲ့ ... ငါတို့အားလုံးဟာ ဆရာတော်ဘုရားကြီးကို မမီလိုက်ပါဘူး၊ ဆရာတော်ဘုရားကြီးဟာ ဟိုး ... လွန်ခဲ့တဲ့ အင်္ဂလိပ်ခေတ်မတိုင်ခင်လောက်တည်းက အသေထွက် ထွက်ရပ်ပေါက်မြောက်ခဲ့ပြီးပါပြီ၊ ငါတို့အားလုံးဟာ ဆရာတော်ဘုရားကြီးရဲ့ လမ်းစဉ်ကို ကျင့်ကြံအားထုတ်ခဲ့တဲ့ အစဉ်အဆက် တပည့်လက်ရင်းတွေလက်ကနေ ဆရာတော်ဘုရားကြီးရဲ့လမ်းစဉ်ကို ယုံကြည်စွာ လက်ဆင့်ကမ်း ကျင့်ကြံနေတဲ့သူတွေပါ၊ ဆရာတော်ဘုရားကြီးရဲ့လမ်းစဉ်ကို လက်ဆင့်ကမ်း ကျင့်ကြံအားထုတ်သလို ဆရာတော်ဘုရားကြီး ရဲ့ဓာတ်တော်တွေရှိနေတဲ့ နှစ်တစ်ရာဂူသချိုင်းကိုလည်း လက်ဆင့်ကမ်း

www.burmeseclassic.com

www.burmeseclassic.com



ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြရတယ်”

မယ်ခြိုရဲ့စကားကြောင့် သိမ်မွေ့လေးဟာ စိတ်ဝင်တစားဖြစ်သွားပြီး ...

“ဟင် ... သချိုင်းကို စောင့်ရှောက်ပေးရတယ် ...ဟုတ်လား၊ ဘာဖြစ်လို့လဲဟင်”

လို့ မေးလိုက်တဲ့အခါ အဘွားအိုမယ်ခြိုက ...

“နှစ်တစ်ရာဂူသချိုင်းဆိုတာ ဆရာတော်ကြီးရဲ့ အရိုးပြာဓာတ်တော်တွေကို ဂူသွင်းထားတဲ့အတွက် တင်စားခေါ်ဝေါ်ခြင်းသာဖြစ်တယ်၊ ငါတို့ ဘာကြောင့် ဂူသချိုင်းကို စောင့်ရှောက်ရသလဲဆိုတော့ ... မသမာသူလူတစ်စုဟာ ဂူသချိုင်းကို ဖောက်ပြီး ဓာတ်တော်တွေကိုယူဖို့ ကြိုးစားတာ အကြိမ်ကြိမ်ပါပဲ၊ မသမာသူ လူတစ်စုဆိုတာက အဓိက,ကတော့ ဂိုဏ်းဆရာ မဲကြီးတို့လူစုပါပဲ၊ ငါတို့ရဲ့စောင့်ရှောက်မှုကောင်းမှုကြောင့် မဲကြီးတို့ဟာ ဂူသချိုင်းကို



ဖောက်ဖို့ ကြိုးစားပေမယ့် အောင်မြင်မှုမရှိခဲ့ကြဘူး ...၊

ခိုးကြောင်ခိုးဝှက် ကြိုးစားလို့ မရတဲ့အခါ မဲကြီးဟာ ငါတို့ရဲ့ ဆရာမကြီးနဲ့ တွေ့ဆုံပြီး နှစ်တစ်ရာဂူသချိုင်းက ရဟန္တာရဲ့ဓာတ်တော်တွေကို သူ့လက်အပ်ရင်အပ်၊ မဟုတ်လို့ကတော့ မော်ဝိဇ္ဇာတစ်ရွာလုံးကို မီးမြှိုက်ပစ်မယ်လို့ ကြိုးဝါးပြီး ရာဇသံပေးခဲ့တယ် ...၊

မဲကြီးရဲ့ရာဇသံကတော့ လာမယ့် လကွယ်ညမှာ နှစ်တစ်ရာဂူသချိုင်းက ဓာတ်တော်တွေကို သူတို့ ဖောက်ယူကြမယ်၊ ဂူဖောက်တဲ့အချိန်မှာ ငါတို့အားလုံး အနှောင့်အယှက် မပေးဖို့ပါဘဲ ...၊

တကယ်တော့ မြင့်မြတ်လှတဲ့ ရဟန္တာရဲ့ဓာတ်တော်တွေဟာ မဲကြီးတို့လို အထက်ဆရာလိုလို၊ ဗိန္ဓောဆရာလိုလို လူတွေနဲ့ ဘယ်လိုမှ

www.burmeseclassic.com

မအပ်စပ်ပါဘူး၊ ဓာတ်တော်ကိုရရင်လည်း သူတို့ ဘာမှလုပ်လို့ မရပါဘူး ...၊

မဲကြီးဟာ ဘာကြောင့် ရဟန္တာရဲ့အရိုးအိုးကို သဲသဲမဲမဲ လိုချင်နေမှန်း ငါတို့မသိကြပေမယ့် ... ငါတို့ ယုံကြည်ကိုးကွယ်တဲ့ ဆရာတော်ဘုရားကြီးရဲ့ ပြာတစ်မှုန်ကိုတောင် ဒင်းရဲ့လက်ထဲ မအပ်နိုင်ဘူး၊ ဒါကြောင့် ငါတို့အားလုံး လကွယ်ညရောက်မယ့်အရေးတွေးပြီး စိတ်မချမ်းမသာ ဖြစ်နေခဲ့ကြတယ်"

လို့ ကြေကွဲဆို့နင့်ဟန်နဲ့ ရှင်းလင်းပြတယ်။

ဒီအခါမှာ သိမ်မွေ့လေးဟာ ...

"လကွယ်နေ့ရောက်ဖို့ ဘယ်လောက်လိုသေးလို့လဲ အဘွား"

လို့ မေးလိုက်တဲ့အခါ မယ်ခြိုက ...

"လကွယ်နေ့ဟာ ... မနက်ဖြန်လေ၊ မနက်ဖြန်ဟာ ငါတို့တစ်ရွာလုံး စိတ်လှုပ်ရှားစွာစောင့်စားခဲ့တဲ့ လကွယ်နေ့ပဲ၊ ဘာတွေ ဘယ်လိုဖြစ်မယ်မှန်း ကြိုမသိနိုင်တဲ့အတွက် ဆရာတော်ဘုရားကြီးကိုပဲ တိုင်တည်ဆုတောင်းရတော့မှာပေါ့ မအိုစာရယ်"

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

"လတွယ်နေမှာ တစ်ရွာလုံး ဘာဖြစ်ကြမှာလဲ?"

# အပိုင်း (၂၃)

www.burmeseclassic.com

www.burmeseclassic.com

လတွယ်နေ့ . . .

ဘွားမယ်ခြုံက သိမ်မွေ့ကို သူတို့ရွာရဲ့ တစ်[...]
ရာဆီ ခေါ်ဆောင်သွားတယ်။

ပြောင်ရှင်းနေတဲ့ ကုန်းမို့တစ်ခုပေါ်ရောက်တော့ ယော[...]
ဝတ်အမျိုးသမီးတွေကို တွေ့လိုက်ရတယ်။

ယောဂီတွေဟာ အုန်းငှက်ပျောပါတဲ့ ပွဲတွေကို ပြင်ဆ[...]



နေကြတယ်။

"သူတို့က ဘာအတွက် ပွဲပြင်နေကြတာလဲ အဘွား"

သိမ်မွေ့ရဲ့အမေးကို မယ်ခြုံက ...

"ဒါက ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းနဲ့ ဆရာတော်ဘုရားကြီးအတွက် ရည်စူးထားတဲ့ ပွဲတွေသာ ဖြစ်တယ်၊ ငါတို့လမ်းစဉ်ရဲ့ အဓိက ဟာ မေတ္တာတရားပါ၊ မေတ္တာတရားနဲ့ပဲ ရန်သူကို အနိုင်ယူရမှာပေါ့ မအိုစာ"

လို့ ပြောရင်း တစ်နေရာကို ဆက်လျှောက်သွားတယ်။

ဒီအခါမှာ နံ့သာဆီမီးတွေ လှိုင်နေအောင်ထွန်းထားတဲ့ ရှည်မြောမြောအုတ်ဂူလေးတစ်လုံးကို တွေ့လိုက်ရတယ်။

မယ်ခြုံက မြေပေါ်ပုဆစ်တုပ်ထိုင်ရင်း ဦးချကန်တော့လိုက်တယ်။

သိမ်မွေ့ဟာ သူမရဲ့လက်တစ်ဖက်တည်းနဲ့ ဦးချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com


"ဒါဟာ ... ရဟန္တာဆရာတော်ဘုရားကြီး ဦးပညာစာရရဲ့ အရိုးပြာဓာတ်တော်ဂူသာ ဖြစ်တယ်"

သိမ်မွေ့လေးဟာ ဆရာတော်ဘုရားကြီးရဲ့အရိုးဂူကို ငေးစိုက်ကြည့်ရင်း ...

"ဆရာတော်ဘုရားကြီးရှင့် အဘွားမယ်ခြုံတို့ရဲ့ ပြောပြမှုကြောင့် သမီးဟာ ဘဝဟောင်းက ဆရာတော်ကြီးရဲ့လမ်းစဉ်ကို ကျင့်ကြံလိုက်နာခဲ့တဲ့ မအိုစာဆိုတာ သိရပါတယ်၊ ဒီဘဝမှာလည်း မအိုစာလိုမျိုး သတ္တဝါကယ် သာသနာပြုတဲ့ မြင့်မြတ်တဲ့အလုပ်ကို ပေါက်မြောက်အောင် လုပ်ဆောင်လိုပါတယ် ...၊

ဒါကြောင့် သမီးမသိမ်မွေ့ကို စောင့်ရှောက်ပေးတော်မူပါ၊ သမီးအပေါ် အမြဲတမ်း အထင်အမြင်လွဲမှားခဲ့တဲ့ သမီးရဲ့ဒုတိယအမေ ဒေါ်ခင်မေကိုလည်း သမီးအပေါ် မေတ္တာသက်ဝင်အောင် စောင့်ရှောက်ပေးတော်မူပါ ဘုရား"

လို့ စိတ်ထဲက ကျိတ်ပြီး ဆုတောင်းလိုက်မိတယ်။

ပြီးတဲ့အခါမှာတော့ သိမ်မွေ့လေးဟာ မယ်ခြုံနဲ့အတူ နှစ်တစ်ရာဂူသချိုင်းက ပြန်လည်ထွက်ခွာခဲ့တော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

“မဲကြီးလာရင် . . . ဘာတွေဖြစ်ကြမလဲ?”

# အပိုင်း (၂၄)

www.burmeseclassic.com

www.burmeseclassic.com

**လကွယ်သရောက်တဲ့အခါ** မှော်ဝိဇ္ဇာရွာမှာရှိတဲ့ ယောဂီတွေအားလုံး ဂူသင်္ချိုင်းရှိတဲ့ တောင်ကုန်းပေါ်ကို တရွေ့ရွေ့ တက်သွားကြတယ်။

အိပ်ရာထဲလဲနေတဲ့ ဆရာမကြီးဆိုတဲ့ ယောဂီခေါင်းဆောင်ဟာ တပည့်တွေရဲ့ဖေးမမှုနဲ့ နှစ်တစ်ရာဂူသင်္ချိုင်းရှိရာ



ရောက်လာတယ်။

လူအားလုံးစုံတဲ့အခါ သူတို့ဟာ ဆီမီးနဲ့သာ ထွန်းညှိထားတဲ့ ပွဲတွေရဲ့ရှေ့မှာ ထိုင်လိုက်ကြတယ်။

သူတို့အားလုံး မြတ်စွာဘုရားကိုအမှူးပြုပြီး ဝိဇ္ဇာတွေအတွက် ရည်စူးထားတဲ့ပွဲတွေကို ဦးချကန်တော့ပြီးနောက် ပရိတ်ကြီးဆယ့်တစ်သုတ်ကို စတင်ရွတ်ဖတ်ကြတယ်။

ယောဂီတွေရဲ့ ပရိတ်ရွတ်သံဟာ တောင်ကုန်းလေးတစ်ခုလုံး ကျက်သရေရှိစွာ ဖုံးလွှမ်းသွားတယ်။

သိမ်မွေ့လေးဟာ မယ်ခြိုရဲ့နံဘေး ထိုင်ရင်း ပရိတ်သံကို အာရုံပြုနေလိုက်တယ်။

နှစ်နာရီကျော်မျှ အချိန်ကြာမြင့်ချိန်မှာတော့ ပရိတ်တော်ရွတ်ဖတ်ခြင်း ပြီးဆုံးသွားသလို ...

"ဟား ... ဟား ... ဟား ... ဟား

ဟား ... ဟား ... ဟား"

ဆိုတဲ့ ခြောက်ကပ်ကပ်ရယ်သံကြီးကို ကြားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့အားလုံး လည်ပြန်ကြည့်လိုက်တဲ့အခါ မြင်းညို ကြီးပေါ် ခါးထောက်ထိုင်နေတဲ့ နှုတ်ခမ်းမွေးနဲ့လူကြီးကို တွေ့ လိုက်ရတယ်။

“တောင်ပေါ်က ပရိတ်ရွတ်သံကြောင့် တောင်အောက်မှာ ပြာဖြစ်နေပြီဗျ၊ ကြည့်ကြ စမ်းပါဦး ... ယောဂီအပေါင်း သူတော်ကောင်း ကြီးတွေရဲ့၊ ဟား ... ဟား ... ဟား”

လူကြီးရဲ့အပြောကြောင့် ယောဂီတွေဟာ တောင် အောက်ဘက်ကို လှမ်းမျှော်ကြည့်လိုက်ကြတယ်။

ဒီအခါ ... ယောဂီဆောင်တွေအားလုံး မီးဟုန်းဟုန်း တောက်လောင်နေတာကို ရင်ထိတ်ဖွယ် တွေ့လိုက်ရတယ်။

ယောဂီခေါင်းဆောင်ဟာ ဆတ်ခနဲ ထ,ရပ်လိုက်ရင်း–

“နင် ... နင် ... ယုတ်မာလှချည်လား၊ ငါ တို့အားလုံးဟာ မေတ္တာတရားကို လက်ကိုင် ထားတဲ့ ဆရာတော်ဘုရားကြီးရဲ့လမ်းစဉ်ကို လိုက်နာကျင့်ကြံနေတဲ့သူတွေပါ၊ သူတော်



ကောင်းကို ပြစ်မှားရင် ဘုရားက နင့်ကို ကြီး လေးတဲ့အပြစ်ဒဏ် သတ်မှတ်လိမ့်မယ်၊ နင့်ရဲ့ သွားရာလမ်းဟာ ငရဲပဲ မဲကြီး”

လို့ လက်ညှိုးငေါက်ငေါက်ထိုးပြီး ကတုန်ကယင်အသံ နဲ့ ပြောလိုက်တယ်။

မဲကြီးက တံတွေးကို ထွီခနဲ ထွေးလိုက်ရင်း ...

“ဟား ... ဟား ... ဟား ... သိပ်ဟုတ်တာ ပေါ့ ဒေါ်သီလရယ်၊ ကျုပ်က ငရဲမရောက်ခင် ခင်ဗျားတို့အားလုံးကို သင်္ချိုင်းပို့ပစ်မှာ၊ ဘုရား တရားသာ အာရုံပြုထားကြပေတော့ဗျို့”

လို့ အသံဝါကြီးနဲ့ ကြွေးကြော်ရင်း လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်တယ်။

ဒီအခါမှာ အမှောင်ထုအတွင်းက မဲကြီးရဲ့တပည့်တွေ ပြေးထွက်လာပြီး အဆိပ်မြားတွေနဲ့ တရစပ် ပစ်ခတ်ကြတယ်။

“ဆရာမကြီးကို ကာကွယ်ကြ .... ကာကွယ် ကြ”

www.burmeseclassic.com

www.burmeseclassic.com


ယောဂီတွေရဲ့အသံ ညံ့ညံ့စီသွားသလို ယောဂီနှစ်ယောက်ဟာ ဆရာမကြီးကိုဆွဲရင်း တိမ်းရှောင်ဖို့ ကြိုးစားလိုက်တယ်။

လူယုတ်မာ မဲကြီးရဲ့ ရက်စက်မှုကြောင့် ယောဂီတွေဟာ အဆိပ်မြားစိုက်ပြီး အတုံးအရုံး လဲကျကုန်တယ်။

မယ်ခြုံကလည်း သိမ်မွေ့ရဲ့လက်ကိုဆွဲရင်း ဆရာမကြီးနောက် ပြေးလိုက်သွားတယ်။

ဒီအချိန်မှာပဲ ပတ်ဝန်းကျင်တစ်ခုလုံး လင်းခနဲဖြစ်သွားပြီး လျှပ်ရောင်တွေ လက်ခနဲဖြစ်သွားတယ်။

လျှပ်ရောင်အောက် အဆိပ်မြားတစ်စင်းဟာ သိမ်မွေ့တို့ရှိရာ ဦးတည်လာနေတယ်။

မယ်ခြုံက သိမ်မွေ့ကို ဆောင့်တွန်းလိုက်စဉ်မှာပဲ ... 'အား'...ခနဲ အော်သံနဲ့အတူ ထိုမြားက မယ်ခြုံရဲ့ရင်ဝကို စိုက်ဝင်သွားတယ်။

သိမ်မွေ့လေးဟာ ထိတ်လန့်သွားပြီး ...

"အဘွား ... အဘွားကို ထိသွားပြီ"



လို့ ယောင်ယမ်းရေရွတ်လိုက်တယ်။

မယ်ခြုံက ရင်ဘတ်ကို လက်နဲ့ဖိရင်း ...

"ပြေး ... ပြေးတော့ ... ဆ ...ဆရာမကြီးကို ကာ ... ကာကွယ်"

လို့ ရေရွတ်ပြီး ငြိမ်ကျသွားတယ်။

သိမ်မွေ့ လှမ်းကြည့်လိုက်တဲ့အခါ ဆရာမကြီးကို ဆွဲခေါ်သွားတဲ့ ယောဂီနှစ်ယောက်လုံး နောက်ကျောမြားမှန်ပြီး မြေပေါ် ဒူးထောက်ကျနေတာ တွေ့လိုက်ရတယ်။

စိုးရိမ်စိတ်နဲ့အတူ ဆရာမကြီးရှိရာ သူမ ပြေးလွှားသွားတယ်။

ဆရာမကြီးဒေါ်သီလဟာ ဆက်မသွားဘဲ ထိုနေရာမှာတင် ရပ်နေတာကို တွေ့ရတဲ့အခါ ...

"ဆရာမကြီး ... ပြေး ... ပြေးလေ၊ ရပ်မနေပါနဲ့ ... အန္တရာယ်ရှိတယ်၊ ပြေးပါ ... ပြေးပါ"

သိမ်မွေ့တစ်ယောက် ဆရာမကြီးဒေါ်သီလရဲ့ လက်တစ်ကမ်းလောက်အရောက်မှာပဲ အဆိပ်မြားတစ်စင်းဟာ လေ

www.burmeseclassic.com

www.burmeseclassic.com


ထဲပျံ့ဝဲလာပြီး ဆရာမကြီးရဲ့ကျောကို ဒုတ်ခနဲ စိုက်ဝင်သွားတယ်။

ဒေါ်သီလတစ်ယောက် မြေပေါ် အရုပ်ကြိုးပြတ်သလို ပစ်လဲကျသွားတယ်။

သိမ်မွေ့ဟာ ဆရာမကြီးကို ပွေ့ထူဖို့ ကြိုးစားလိုက်တယ်။

ဆရာမကြီးက သူမရဲ့လက်ကို ဆုပ်ကိုင်ရင်း ...

"ဟော့ ... လောကမှာ ဘယ်သူတရားပျက်
ပျက် ... ကိုယ် ... ကိုယ်မပျက်စီးစေနဲ့၊ ဝဋ် ...
ဝဋ်ကြွေးရှိရင် ကျေ ... ကျေအောင်ဆပ်"

လို့ ရေရွတ်ပြီး ဇက်ကျိုးကျသွားရှာတယ်။

ဒီအချိန်မှာပဲ တောင်ကုန်းတစ်ခုလုံး သိမ့်ခနဲ တုန်သွားတယ်။

ပြီးတော့ ထုရိုက်ဖျက်ဆီးနေတဲ့ အသံတွေကိုပါ ကြားလိုက်ရတယ်။

သိမ်မွေ့တစ်ယောက် ဒေါ်သီလအတွက် ယူကျုံးမရစိတ်



ကြောင့် မျက်ရည်ဖြိုင်ဖြိုင်ကျနေရကာ ... အသံလာရာကို လှမ်းကြည့်လိုက်တယ်။

ဒီအခါမှာ မဲကြီးတို့လူစုဟာ နှစ်တစ်ရာဂူကို ဖြိုဖျက်နေကြောင်း တွေ့လိုက်ရတယ်။

သူမရင်ထဲ စိုးရိမ်စိတ်နဲ့အတူ မှောင်ရိပ်ထဲကနေ ထိုနေရာကိုပြေးကြည့်လိုက်တဲ့အခါ ...

"ဟား ... ဟား ... ဟား ... လောကမှာ
မဲကြီးလိုချင်တာဆို မရဘူးဆိုတာ ထုံးစံမရှိဘူး
ကွ၊ မှော်ဝိဇ္ဇာတစ်ရွာလုံးကို ငါ အနိုင်ရပြီ၊ အနိုင်
ရပြီ"

မဲကြီးဟာ နှစ်တစ်ရာဂူရှေ့ရပ်ရင်း အောင်မြင်သူတစ်ယောက်လို ကြုံးဝါးလိုက်တယ်။

ဒီအချိန်မှာပဲ တောင်ကုန်းတစ်ခုလုံး လျှပ်စစ်ငြိမ်းလိုက်သလို ခါယမ်းသွားတယ်။

ကျယ်လောင်လှတဲ့ တော်လည်းသံကြီးကြောင့် မဲကြီးဟာ မြေပြင်ကို ငုံ့ကြည့်ရင်း ကြောင်အမ်းသွားတယ်

www.burmeseclassic.com

www.burmeseclassic.com



မြေသားတွေဟာ ပြင်းထန်တဲ့လှုပ်ခတ်မှုကြောင့် ရုတ်တရက်ဆိုသလို အက်ကွဲသွားပြီး ... 'အား' ...ခနဲ ငယ်သံပါအောင်အော်လိုက်တဲ့ အသံနဲ့အတူ မဲကြီးတစ်ယောက် မြေကွဲကြောင်းကြီးထဲ ကျွံကျသွားတော့တယ်။

သိမ်မွေ့ဟာ မဲကြီးရဲ့အဖြစ်ကို ငေးကြည့်ရင်း အကြီးအကျယ် ကြောက်ရွံ့သွားမိတယ်။

ပုခက်လွှဲသလို တောင်ကုန်းတစ်ခုလုံး တုန်လှုပ်မှုကြောင့် သူမ ... နီးရာသစ်ငုတ်တစ်ခုကို ဆုပ်ကိုင်ထားရင်း ခေါင်းထဲမူးဝေသလို ခံစားလိုက်ရတယ်။

ဒီနောက်မှာတော့ သူမ ... အရာအားလုံးကို အဆက်ပြတ်ပြီး မေ့မြောသွားတော့တယ်။

□□□

BURMESE CLASSIC

"နောက်ဆုံးအခန်းက . . .ဘာဖြစ်မှာလဲ?"

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းတစ်ခုလုံး မူးဝေနောက်ကျိမှုနဲ့အတူ သူမရဲ့

မျက်လုံးတွေ ပွင့်လာတယ်။

စူးရှတဲ့ နေအလင်းရောင်ကြောင့် မျက်လုံးထဲ ပြာဝေ

သွားမိတယ်။

သူမ မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်လိုက်ပြီး ကြည့်

BURMESE CLASSIC



လိုက်တဲ့အခါ ...

"ဟင် ... ငါ ... ငါ သစ်ခြောက်ပင်ကြီး

အောက် ပြန်ရောက်နေပါလား၊ မြေကြီးထဲ ကျွံ

ကျသွားတဲ့လူကြီးကရော ဘယ်ရောက်သွားပြီ

လဲ"

သိမ်မွေ့ဟာ အတွေးနဲ့အတူ သစ်ရွက်ခြောက်တွေကြား

က ကုန်းထ,လိုက်တယ်။

ပတ်ဝန်းကျင်ကိုကြည့်လိုက်တဲ့အခါ ပကတိတိတ်ဆိတ်

ငြိမ်သက်နေတယ်။

ဒီအချိန်မှာပဲ အဝေးဆီက ထင်းစည်းထမ်းလာတဲ့ အဘိုး

အိုတစ်ဦးကို တွေ့လိုက်ရတယ်။

သူမ ... အဘိုးအိုရှိရာ ပြေးသွားပြီး ...

"အဘိုး ... မော်ဝိဇ္ဇာရွာဆိုတာ ဘယ်မှာရှိ

သလဲရှင်"

လို့ စိတ်လှုပ်ရှားစွာ မေးလိုက်မိတယ်။

သိမ်မွေ့ရဲ့အမေးကြောင့် အဘိုးအိုဟာ အထိတ်တလန့်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပခုံးပေါ်က ထင်းစည်းတောင် ဘုတ် ... ခနဲ ပြုတ်ကျသွားရတယ်။

မျက်လုံးပြူးကြီးနဲ့ သူ့ကိုငေးကြည့်ရင်း ...

"မော်ဝိဇ္ဇာရွာ ... ဟုတ်လား ကလေး၊ အခု ... အဘိုးတို့ ရပ်နေတဲ့နေရာဟာ မော်ဝိဇ္ဇာရွာရဲ့ နေရာပဲကွဲ့၊ တစ်ချိန်က ယောဂီသူတော်စင် အမျိုးသမီးတွေ တရားကျင့်ကြံအားထုတ်တဲ့ နေရာပါပဲ၊ ဒါပေမဲ့ ... ကံဆိုးစွာပဲ မော်ဝိဇ္ဇာတစ်ရွာလုံး မီးလောင်မှုကြောင့် ပြာဘဝ ရောက်ခဲ့ရရှာတယ်၊ သူတော်စင်အမျိုးသမီး တော်တော်များများလည်း မီးလောင်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရတယ်၊ တစ်ချိန်တည်းမှာပဲ ပြင်းထန်တဲ့ မြေငလျင်လှုပ်ခတ်ပြီး ... ဟိုး တောင်ပေါ်မှာ ရှိတဲ့ ရဟန္တာတစ်ပါးရဲ့ အရိုးဂူလေးဟာလည်း ငလျင်ဒဏ်ကြောင့် ထင်ပါရဲ့ကွယ် ... အစိတ်စိတ် အမြွှာမြွှာကွဲ ပျက်စီးခဲ့ရှာတယ်၊ ဂူတစ်ခု



လုံး ပျက်စီးခဲ့ပေမယ့် ထူးဆန်းစွာပဲ ရဟန္တာ အရှင်မြတ်ရဲ့ အရိုးအိုးဟာ ပျောက်ဆုံးနေခဲ့တယ် ...၊

ဒါဟာ မော်ဝိဇ္ဇာနဲ့ပတ်သက်တဲ့ အကြောင်းပါပဲ"

လို့ ပြောပြီး တရွေ့ရွေ့ ထွက်ခွာသွားတော့တယ်။

□□□

"နှစ်တစ်ရာဂူသချိုင်း"

မအိုစာ

www.burmeseclassic.com